မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၉၅)

တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ထားရှိသည့်သဘောထား ပြောင်းလဲမှုမရှိ တစိုက်မတ်မတ် ဆက်လက် လက်တွဲ ပူးပေါင်းကူညီဆောင်ရွက်သွားမည်

တိုင်းရင်းသားအဖွဲ့ အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်များကို ယုံကြည်ပြီး မိမိတို့ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူ များ၏ လူနေမှုဘဝတိုးတက်မြင့်မား ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် ဥပဒေဘောင် အတွင်း ဝင်ရောက်လာခဲ့ကြခြင်းဖြစ်၊ နိုင်ငံတော်အစိုးရကလည်း တိုင်းရင်းသားအဖွဲ့ အစည်းများအပေါ် ယခင်ကထားရှိခဲ့သည့် သဘောထားများအတိုင်း ပြောင်းလဲမှုမရှိဘဲ တစိုက် မတ်မတ် ဆက်လက် လက်တွဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးသွားမည်။

ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ကာကွယ်စောင့်ရှောက်

နိုင်ငံတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ခဲ့တယ်။ နိုင်ငံတော်ရဲ့သမိုင်းကို ပြန်ကြည့် ရင် ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်ဟာ မကြာခဏ ဒုက္ခပေးခဲ့ကြောင်း တွေ့ရတယ်။ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံး ညီညွတ်မှုရှိရမှာ ဖြစ်တယ်။ ပြည်ထောင်စုကြီး ပြိုကွဲ သွားရင် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဟာ ဆုံးရှုံးသွားမှာပဲဖြစ်တယ်။ ဒါ့ကြောင့် ဒို့တစ်တွေဟာ ပြည်ထောင်စုမပြိုကွဲရေးအတွက် အသက်၊ သွေး၊ ချွေး ပေါင်း မြောက်မြားစွာ ရင်းနှီးပြီး ကာကွယ်စောင့်ရှောက် ခဲ့ကြရတာ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၆)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥက္ကဋ္ဌ ဦးတာကလယ်နှင့် တိုင်းရင်းသားခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်အတွက်အသက်တမျှအရေးကြီးသည့် အမျိုးသားရေးတာဝန် သားစဉ်မြေးဆက်ထိန်းသိမ်း အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးရေး တိုင်းရင်းသားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေး အစိုးရနှင့်လက်တွဲကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

နယ်ချဲ့လက်သစ်တို့၏ ခေတ်သစ်ကိုလိုနီ ပြုမှုမှန်သမျှ မပြတ်သော အမျိုးသားရေးသတိဖြင့် တွန်းလှန်ဖယ်ရှား

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာလူမျိုးများသည်တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှု မှန်သမျှကို ခေါင်းငုံ့မခံဘဲ ရှုပ်ရှပ်ချွံချွံ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံတော်၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့သည်။

မြန်မာ့သမိုင်းတွင် ထီးသုဉ်း၊ နန်းသုဉ်း၊ ကိုယ့်တိုင်းကိုယ့်နိုင်ငံ လက်လွတ်ဆုံးရှုံးခဲ့ရသည့် သမိုင်းအခိုက်အတန့်နှင့် ကြုံခဲ့ဖူးသော်လည်း အမျိုးသားရေးလှုပ်ရှားမှုများမှအစပြု၍ မြန်မာတိုင်းရင်းသားတို့၏ ထက်မြက်မြင့်မားသည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံလျက် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ပြီး ဖြစ်သည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း ကိုလိုနီလက်ဟောင်းပုံစံကို ကမ္ဘာကလက်မခံတော့သဖြင့် ကိုလိုနီလက်သစ်ပုံစံများဖြင့် ဝင်ရောက်စွက်ဖက် လာကြသည်။ ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့သည် တိုက်ရိုက်စွက်ဖက်ခြင်း ပြုလုပ်သည်ထက် ၎င်းတို့၏ လက်ဝေခံများ မွေးမြူ၍ အခါအခွင့်သင့်လျှင် သင့်သလို စွက်ဖက်နှောင့်ယှက်မှုများ လုပ်ဆောင်လာခဲ့ကြသည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၆ရက်နေ့ (၈၄)နှစ်မြောက်အမျိုးသားနေ့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာတွင်–

"ယနေ့မျက်မှောက်ခေတ်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ကိုလိုနီနယ်ချဲ့ လက်သစ်များသည် ထင်သာမြင်သာသည့် စစ်အင်အားအသုံးပြု နယ်ပယ်ချဲ့ထွင်မှု၊ အနိုင်အထက်ပြုမှုများအစား လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု မျက်နှာစာများမှသော်လည်းကောင်း၊ သတင်းနှင့်ပြန်ကြားရေး မီဒီယာများအသုံးပြု၍သော်လည်းကောင်း၊ စိမ့်ဝင်ထိုးဖောက် လွှမ်းမိုးခြယ်လှယ်မှုများ လုပ်ဆောင်လာလျက်ရှိကြရာ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် မပြတ်သော အမျိုးသားရေးသတိနှင့်ယှဉ်၍ ကာကွယ်တွန်းလှန်နိုင်ရန် လိုအပ်မည်ဖြစ်ပါသည်"

ဟူ၍ ဖော်ပြပါရှိခဲ့သည်။

ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် သွေးထိုးသပ်လျှိုမှုများ၊ မီဒီယာများ ဝါဒဖြန့် အသုံးပြု၍ မှိုင်းတိုက်မှုများ၊ အကြမ်းဖက်အဖျက်သမားများ မွေးမြူမှု၍ ကိုလိုနီနယ်ချဲ့ လက်ဝေခံများက အဖျက်လုပ်ရပ်များကို တွင်တွင်လုပ်ဆောင်လာလျက်ရှိသည်။

ယင်းသို့သောအချိန်အခါတွင် အဆိုပါအန္တရာယ် ရန်စွယ်အမျိုးမျိုးတို့ကို မမိုတ်သောမျက်စိ၊ မလပ်သော သတိဖြင့် တားဆီးတိုက်ဖျက်ကြရန် ဖြစ်သည်။ လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ကိုလိုနီနယ်ချဲ့ လက်သစ်တို့၏ ပရိယာယ်ကို ကြိုတင်သိမြင်ထားရန် လိုသည်။ အဖျက်သမားတို့၏ ရန်စွယ်ကို ကြိုတင်တားဆီးကြရန် လိုပေသည်။

ထို့အပြင် ဇာတိသွေး၊ ဇာတိမာန်နိုးကြားထက်သန်ပြီး အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ ရှင်သန်နိုးကြားနေစေရန် လိုအပ်ပေသည်။ နိုင်ငံသူ နိုင်ငံသားအားလုံးသည် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားသူများဖြစ်ရန် လိုအပ်ပေသည်။

အမျိုးသားရေးစိတ်ဓာတ် ရှင်သန်မြင့်မားစေမည့် စိတ်ဓာတ်များ ယနေ့လူငယ်လူရွယ်များတွင် ပိုမိုမွေးမြူထားရန် လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်က ၂၀၀၁–၂၀၀၂ ခုနှစ်မှစ၍ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ၌ အမျိုးသားရေး စိတ်ဓာတ် ကိုယ်ခံစွမ်းအားများ ထက်သန်မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် အလေးထားဖော်ဆောင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ သိပ္ပံနှင့်နည်းပညာထွန်းကားနေသော ယနေ့မျက်မှောက်ကာလတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတကာမျက်နှာစာအမျိုးမျိုးမှ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်လာမည့် ခေတ်သစ်ကိုလိုနီ ပြုမှုမှန်သမျှတို့ကို မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံလျက် မပြတ်သော အမျိုးသားရေးသတိဖြင့် တွန်းလှန်ဖယ်ရှားသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာ သတင်းများ

ကင်ညာသည် ကမ္ဘာတွင် လက်ဖက်ခြောက် ဒုတိယအများဆုံး တင်ပို့သောနိုင်ငံဖြစ် ၂၀၀၄ ခုနှစ်၌ ပြည်ပသို့ လက်ဖက်ခြောက် ပိုမိုတင်ပို့နိုင်ခဲ့

နိုင်ရိုဘီ ဇန်နဝါရီ ၁

ကင်ညာနိုင်ငံ၏ လက်ဖက်ခြောက် ပြည်ပသို့တင်ပို့မှုသည် ယခင်နှစ်က ကင်ညာငွေ ရှီလင်စ် ၃၃ဒသမ ၄ဘီလီယံ(အမေရိကန်ဒေါ်လာ ၄၁၈ သန်း)ဖိုးရှိခဲ့ရာမှ ယခုနှစ်တွင် ရှီလင်စ် ၄၃ဘီလီယံ(အမေရိကန်ဒေါ်လာ ၅၃၈ သန်း)အထိ ရရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း သည်စတန်းဒတ်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြထားသည်။

ကင်ညာနိုင်ငံ၏ ယခုနှစ် ရာသီဥတုအခြေအနေမှာ အလွန်ကောင်းမွန်လျက်ရှိရာ လက်ဖက်ခြောက်ထွက်ရှိမှုသည် ယခင်နှစ်က ကီလို ၂၉၄ သန်းထွက်ရှိခဲ့မှုထက် ယခုနှစ်၌ လက်ဖက်ခြောက်ကီလို ၃၂သန်းကျော် ထွက်ရှိမည်ဟုမျှော်လင့်ထားကြောင်း ကင်ညာနိုင်ငံ လက်ဖက်ခြောက်ဘုတ်အဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သည့် စတီဖန်ကာနာလာက ပြောကြားသည်ဟု အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။

ကင်ညာနိုင်ငံ၏ လက်ဖက်ခြောက်ထွက်ရှိမှုသည် ၂၀၀၄ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကီလိုသန်း ၂၉၀ ထွက်ရှိခဲ့ရာ ၂၀၀၃ ခုနှစ် အလားတူကာလက ကီလို ၂၆၀ဒသမ ၇သန်းထွက်ရှိခဲ့မှုနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားခဲ့ကြောင်းလည်း ၎င်းသတင်းစာတွင် ဖော်ပြထားသည်။ အရှေ့အာဖရိကနိုင်ငံဖြစ်သော ကင်ညာနိုင်ငံအတွက် လက်ဖက်ခြောက်သည် နိုင်ငံခြားငွေအများဆုံး ရရှိစေသော ပို့ကုန်ဖြစ်ပြီး ကမ္ဘာတွင် သီရိလင်္ကာနိုင်ငံပြီးလျှင် လက်ဖက်ခြောက် ပြည်ပတင်ပို့မှု၌ ဒုတိယအများဆုံး နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီဂျစ်နိုင်ငံ ဂီဇာဒေသရှိ ဒုတိယအကြီးမားဆုံး ပိရမစ် ပြင်ဆင်မွမ်းမံပြီးစီး၍ ပြန်လည်ဖွင့်လှစ်ပေးတော့မည်

ကိုင်ရို ဒီဇင်ဘာ ၃၁

အီဂျစ်နိုင်ငံ ဂီဇာဒေသ၏ ပိရမစ်ကြီးသုံးခုအနက် ဒုတိယအကြီးမားဆုံးဖြစ်သော ခါဖရီပိရမစ်ကြီးအား နှစ်နှစ်ကြာမျှ နဂိုအတိုင်း ပြန်လည်ပြင်ဆင်မွမ်းမံခဲ့ပြီးနောက် စနေနေ့တွင် ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အီဂျစ်ရှေးဟောင်းပစ္စည်း အာဏာပိုင်များက ကြာသပတေးနေ့၌ ပြောကြားသည်။

ယခုအကြိမ်သည် ခါဖရီပိရမစ်ကြီးအား ၁၉၉၅ခုနှစ်မှစပြီး တတိယအကြိမ် ပြန်လည်ပြင်ဆင် မွမ်းမံခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်ရှေ့ဟောင်းပစ္စည်းဆိုင်ရာ ဦးစီးကောင်စီ (အက်စ်စီအေ) အတွင်းရေးမှူးချုပ် ဇာဟီဟာဝပ်စ်က ပြောကြားသည်။

အဆိုပါ ပြင်ဆင်မွမ်းမံမှုကို အက်စ်စီအေမှ ကျွမ်းကျင်သော အီဂျစ်လူမျိုး ပြင်ဆင်မွမ်းမံရေး လုပ်သားများက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ပိရမစ်ကြီး၏ ပင်မဝင်ပေါက်မှ စတင်ကာ ရုပ်အလောင်းများ မြှုပ်နှံထားရာ ခန်းမကြီးအထိ ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ခဲ့ကြောင်း ဟာဝပ်စ်က ပြောကြားသည်။

ခါဖရီပိရမစ်ကြီးအား အီဂျစ်နိုင်ငံ၏ စတုတ္ထမင်းဆက်ဖြစ်သော ခါဖရီဘုရင်ကြီးအား မြှုပ်နှံရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု ထောက်လှမ်းရေးသတင်း ဖလှယ်ရန် ဟောင်ကောင်နှင့် တရုတ်ပြည်မ တိုးမြှင့်ဆောင်ရွက်ခဲ့

ဟောင်ကောင် ဇန်နဝါရီ ၁

ဟောင်ကောင်ရဲတပ်ဖွဲ့သည် တရုတ်ပြည်မကြီးမှ အာဏာပိုင်များနှင့်အတူ မူးယစ်ဆေးဝါး မှောင်ခိုကုန်ရောင်းဝယ်မှုကို သုတ်သင်ရှင်းလင်းရာတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ထောက်လှမ်းရေးသတင်းဖလှယ်မှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း ဟောင်ကောင်ရဲအဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ပြောကြား

အဆိုပါ မူးယစ်ဆေးမှောင်ခို ရောင်းဝယ်မှုကို ကိုင်တွယ်ဖြေရှင်း ရန်အတွက် ပြည်မကြီးက အောက်တိုဘာလတွင် မူဝါဒသစ်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုကို ဟန့်တားပိတ်ပင်ရန် လွန်ခဲ့သည့် နှစ်နှစ်ကျော်ကပင် စစ်ဆေးမှုများကို အခိုင်အမာဆောင်ရွက်ခဲ့ကြောင်း ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးဗျူရို အကြီးအကဲ ရဲမှူး အိုင်ပီလောချူအန်က ပြောကြားသည်။

ပိတ်သိမ်းခံရ

အဆိုပါ မူဝါဒသစ်အရ ပြည်မကြီးတွင် မူးယစ်ဆေးဝါး အလွဲသုံးစားမှုဖြင့် ဖမ်းဆီးမိသော ဟောင်ကောင်နှင့် မကာအိုမှလူများသည် ၁၅ရက်ကြာ ဖမ်းဆီးထိန်းသိမ်းခြင်းခံရမည်ဖြစ်ပြီး ၎င်းတို့၏ နေအိမ်များသို့ ပြန်ခွင့်သုံးနှစ် ပိတ်သိမ်းခံရမည်ဖြစ်သည်။

ယင်းလှုပ်ရှားမှုသည် မူးယစ်ဆေးရောင်းဝယ် ဟန့်တားမှုကို အကျိုးကျေးဇူးရှိမည်ဖြစ်ကြောင်း ယခုနှစ်၏ ပထမ ၁၁လတွင် ကိုကင်း ၄၉ ကီလိုဖမ်းဆီး ရရှိပြီးနောက် မူးယစ်ဆေးဖြန့်ဖြူးမှုနှင့် အလွဲသုံးစားမှုများ လျော့နည်းလာသည့် လက္ခဏာရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်သစ်စိန်ခေါ်မှုများ ရင်ဆိုင်ကြရန် မလေးရှား ဝန်ကြီးချုပ် တိုက်တွန်း

ကွာလာလမ်ပူ ဇန်နဝါရီ ၁

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီသည် ၂၀၀၅ ခုနှစ်တွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရင်ဆိုင်ကြရေး ပြင်ဆင်ထားကြရန် သောကြာနေ့ ညနေပိုင်းက မလေးရှားပြည်သူများအား တိုက်တွန်းပြောကြားလိုက်သည်။

မိမိတို့သည် မိမိတို့၏ကိုယ်ပိုင် စီးပွားရေးကို အကောင်းဆုံးဖြစ်အောင် ဖန်တီးလုပ်ဆောင်ခြင်းဖြင့် မည်သည့် စိန်ခေါ်မှုကိုမဆို ရင်ဆိုင်ကြရန် ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏စီးပွားရေးကို လျော့ပါးစေနိုင်သော ဆောင်ရွက်မှုများ လျှော့ချသွားမည်ဖြစ်ကြောင်း အဗ္ဗဒူက ရေဒီယိုနှင့်ရုပ်မြင်သံကြားမှ ၂၀၀၅ခုနှစ် နှစ်သစ်မိန့်ခွန်းတွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၏ နှစ်သစ်သန္နိဋ္ဌာန် ဆုံးဖြတ်ချက်ထဲမှ တစ်ခုသည် ၂၀၀၅ခုနှစ် ဘတ်ဂျက်တွင် ကမ်းလှမ်းချက်များအပေါ် အစိုးရ၏အောင်မြင်အောင် အကောင်အထည်ဖော်ခြင်းပင်ဖြစ်ကြောင်း အဗ္ဗဒူကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသစ်များဖွင့်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယမန်နေ့နံနက်ပိုင်းက (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်(င)ရပ်ကွက်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Myanmar Distribution Group (MDG)ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အမယာလမ်းနှင့် ကျန်စစ်သားလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးသည်။ (အောက်ယာပုံ)

ယမန်နေ့က ဖွင့်လှစ်သည့် အမယာလမ်းနှင့် ကျန်စစ်သားလမ်းတို့သည် စုစုပေါင်း လမ်းအရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ပေရှိပြီး MDG ကုမ္ပဏီ လီမိတက်၏ ထည့်ဝင်ငွေကျပ် ၂၂၂ သိန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးငွေကျပ် ၇၈သိန်း စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

မြန်မာ့စိတ်ဓာတ်

* သူ၏ခြံတွင်း၊ ပန်းတစ်ခင်းကို
ဝမ်းတွင်းခုံမင်၊ လောဘယှဉ်၍
ပန်ဆင်ဖို့ဝေး၊ သူမပေးလျှင်
ကြူမွှေးရန့်၊ ဘယ်သို့ပျံ့လည်း
သန့်ခနဲပင်၊ မရှိုက်ချင်ပြီ
ဒို့လျှင် မြန်မာစိတ်ဓာတ်တည်း။

* သူ၏အိမ်တွင်း၊ သူ့သားချင်းတို့
ငြင်းခုံဆွေးနွေး၊ အရေးရေးကို
သွေးထိုးရန်များ၊ မဆိုထားနှင့်
ကိုယ့်အားပြုံးပျော်၊ မဖိတ်ခေါ်လျှင်
မလျော်စက်အိပ်၊ တံစက်မြိတ်မျှ
တစ်ဆိတ်ခိုဝင်၊ မနားချင်သည်
ဒို့လျှင် မြန်မာစိတ်ဓာတ်တည်း။

* သူ၏ပန်းခင်း၊ ချင်ခြင်းမတပ်
သူ့ရပ်သူ့ရွာ၊ လော်မာမကျူး
အထူးဆင်ခြင်၊ သမိုင်းစဉ်ဝယ်
ဒို့လျှင်မြန်မာ၊ ပီသပါသို့
ဒို့ရွာ ဒို့ရပ်၊ အမြတ်ထုတ်ရန်
လိမ်ဉာဏ် လှည့်ပတ်၊ မချဉ်းကပ်နှင့်
မြတ်နိုးစရာ၊ ဒို့ရိုးရာနှင့်
ညီညာသွေးနှီး၊ ဒို့လူမျိုး၏
ညှိုးနွမ်းဂုဏ်သိန်၊ အရောင်မှိန်အောင်
ဒို့အိမ်တွင်းရေး၊ ရှုပ်လိမ်ထွေးအောင်
သွေးသားမစပ်၊ တစ်ပါးရပ်မှ
ချဉ်းကပ်သူအား၊ သတိထားလေ
ကိုယ့်အား ကိုယ့်မာန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်
နက်ဖြန်အတွက်၊ ခရီးဆက်ဖို့
တွဲလက် ခိုင်မာ သင့်ပြီတကား။ ။

မြင်းမူ မောင်နိုင်မိုး

မြဝတီရုပ်မြင်သံကြား

၃-၁-၂၀၀၅
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် သြဝါဒထူးပျို့ (အထူးပြုအားလုံး)
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သပွတ်အူပမာ”** (အပိုင်း-၁၈)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ အင်္ဂလိပ်ပရီမီးယားလိဂ် ဘောလုံးပွဲ Everton Vs Portsmouth

အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ယခင်မက်သဒစ် ဟိုက်စကူး (MEHS)နှင့် အထက(၁) ဒဂုံကျောင်းတွင် ၁၉၅၄-၁၉၈၀ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်ဆုံစည်းကြ၍ ဆရာကြီး၊ ဆရာမကြီးများအား ဇန်နဝါရီ ၈ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အထက (၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများသည် ဦးကျော်မောင် ဖုန်း-၀၉-၅၀-၁၉၇၈၂၊ ၂၂၅၃၂၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀-၈၇၅၀-၆၆၂၅၁၄၊ ဦးစိုးညီညီ ဖုန်း-၀၉-၉၉-၂၁၇၂၀၊၂၂၃၉၅၊ ဒေါ်ထားချို ဖုန်း-၀၉-၅၀-၀၁၆၄၆၊ ၆၆၇၈၈၈၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉-၉၉-၂၄၅၇၄၊၆၅၀၃၄၆၊ ဒေါ်တင်မေလွင် ဖုန်း-၀၉-၅၀-၀၆၇၅၆၊ ၅၄၅၄၅၅၊ ဒေါ်ခင်သန်းမူ ဖုန်း-၂၈၆၁၇၂၊ ၅၄၁၈၅၄၊ ဒေါ်တင်လှမြင့် ဒဂုံ(၁)၊ ဒေါ် Rosaline Hla ဖုန်း-၇၀၆၀၅၇၊ ၅၆၆၆၅၂၊ ဒေါ်မာလာထွန်း ဖုန်း-၀၉-၈၀-၂၂၄၂၀၊ ၂၄၅၆၉၆၊ ဒေါ်နုနုရီ ဖုန်း-၅၀၁၈၀၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

3-1 (03).p65 1 3/26/05, 1:16 AM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ အထူးဒေသ(၆) ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် (PNO) ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ SSNA ဝမ်ယိမ်းနှင့် မိုင်းယွန်းတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ MTA အဖွဲ့(ဟိုမိန်း)၊ MTAအဖွဲ့(နားရိုင်း)၊ MTAအဖွဲ့ (မတ်ကျန်း)နှင့် MTAအဖွဲ့(ရွှေပြည်အေး)တို့မှ တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေး ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥက္ကဋ္ဌ ဦးတာကလယ်နှင့် တိုင်းရင်းသား ခေါင်းဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး မှာကြားစဉ်။

(သတင်းစဉ်)

✡ *ရှေ့ဖုံးမှ*

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မမှူး ဗိုလ်မှူးချုပ်သက်ဦး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဟဲဟိုးလေဆိပ်မှ ကြိုဆိုကြသည်။

တောင်ကြီးမြို့ရောက်ရှိ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာသို့ ရောက်ရှိကြပြီး နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ပိုင်း အထူးဒေသ(၆) ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် (PNO) မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)မှ တိုင်းရင်းသား ခေါင်းဆောင်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၃)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ SSNA ဝမ်ယိမ်းနှင့် မိုင်းယွန်းတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ MTA အဖွဲ့(ဟိုမိန်း)၊ MTA အဖွဲ့(နားရိုင်း)၊ MTA အဖွဲ့(မတ်ကျန်း) နှင့် MTA အဖွဲ့(ရွှေပြည်အေး)တို့မှ တိုင်းရင်းသားခေါင်းဆောင်များအား လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးများကို ဆွေးနွေးမှာကြား သည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ကျော်ညို၊ အတွင်းရေးမှူး ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားရာတွင် ယနေ့ တိုင်းရင်းသားအဖွဲ့များနှင့် တွေ့ဆုံပြီး နိုင်ငံတော်အစိုးရက တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ထားရှိသည့်သဘောထားကို ရှင်းလင်းပြောကြားရန်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများနေထိုင်ရာ ဒေသများ အပါအဝင် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

လက်တွဲပူးပေါင်းကူညီ

တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်များကိုယုံကြည်ပြီး မိမိတို့ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် ယခင်က ထားရှိခဲ့သည့် သဘောထားများအတိုင်း ပြောင်းလဲမှုမရှိဘဲ တစိုက်မတ်မတ် ဆက်လက် လက်တွဲပူးပေါင်း ကူညီဆောင်ရွက်ပေးသွားမှာပင်ဖြစ်ကြောင်း။

တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ် တင်ပြရန်ရှိသည်များကို ပိုမိုလျင်မြန်လွယ်ကူစွာ ဆက်သွယ်နိုင်ရေးအတွက်ကိုလည်း စီစဉ် ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း။

သားစဉ်မြေးဆက်ထိန်းသိမ်း

ဤနေရာတွင် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပေါင်းစုံ စုစည်းညီညွတ်စွာ ရှေးနှစ်ပေါင်း များစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့ကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် အထူးအရေးကြီးသည့် အမျိုးသားရေး မူဝါဒများဖြစ်သကဲ့သို့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် မွေးရာပါအမျိုးသားရေး တာဝန်များလည်းဖြစ်ကြောင်း၊ ဤကဲ့သို့ နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသည့် အမျိုးသားရေးတာဝန်များကို မိမိတို့လက်ထက်တွင်သာမက နောင်သားစဉ်မြေးဆက်အထိ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် အထူးအရေးကြီးကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကြီးကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး စနစ်တကျဆောင်ရွက်လျက်ရှိနေကြောင်း။

အဆိုပါ မူဝါဒလမ်းစဉ် (၇)ရပ်၏အရေးအကြီးဆုံးဖြစ်ပြီး အဓိကကျသည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားကိုယ်စားလှယ်များ အပါအဝင် အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့်ကျင်းပလျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် အပြုသဘောပါဝင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နေသကဲ့သို့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ ခိုင်ခိုင်မြဲမြဲ လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ရော်ဘာစိုက်ပျိုးရေးအလေးထား

ထို့ပြင် တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် မိမိတို့ အဖွဲ့အစည်းများ၏ စားရေး၊ ဝတ်ရေး၊ နေရေး ပြည့်စုံမှုရှိအောင် မိမိတို့တွင်ရှိပြီး သဘာဝအခြေခံကောင်းများကို အသုံးပြုလျက် စိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်ဖြင့် မိမိတို့ စားရေးဖူလုံပြီး ဝတ်ရေး၊ နေရေးဆိုသည့်လိုအပ်ချက်များအတွက်ပါ ပြည့်ဝလာအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် ဈေးကောင်းရပြီး ဈေးကွက်ရှိသည့်အပြင် ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်သည့် ရော်ဘာစိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

ငင်းပြင် ကိုလိုနီအမွေဆိုးအဖြစ် ကျန်ရစ်နေခဲ့ပြီး သားစဉ်မြေးဆက် ဒုက္ခပေးခဲ့သည့် မူးယစ်ဆေးဝါးကို အမြန်ဆုံး ကင်းစင်ပပျောက်သွားစေရအောင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ မိမိတို့ဒေသနေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူသားစွမ်းရည် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးစသည့် ဒေသနှင့် ပြည်သူများ၏ တိုးတက်မှုအခြေခံကောင်းများ တိုးပွားလာစေရအောင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည်

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခမ်းထီက နိုင်ငံတော်အကြီးအကဲက မိမိတို့အပေါ်ထားရှိသည့် စေတနာမေတ္တာများကြောင့် နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ ယခုကဲ့သို့ လာရောက်ရှင်းပြခြင်း၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခြင်းများအပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန်မှာကြားချက်များနှင့်အညီ မိမိတို့ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက်တပ်မတော်အစိုးရက ဦးဆောင်တည်ဆောက်နေခြင်းကို မိမိတို့ တိုင်းရင်းသားပြည်သူများက တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျရာကဏ္ဍကပူးပေါင်း

ရှေ့ဆက်ကျင်းပမည့် အမျိုးသားညီလာခံကြီးနှင့်တကွ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် ပြည့်မြောက်စေရန်

စာမျက်နှာ ၅ ကော်လံ ၁

ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေးတပ်မတော်အစိုးရကဦးဆောင်တည်ဆောက်နေ မိမိတို့တိုင်းရင်းသားပြည်သူများကလည်းတစ်စိတ်တည်း၊တစ်ဝမ်းတည်းပူးပေါင်းဆောင်ရွက်မည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ဥက္ကဋ္ဌ ဦးအောင်ခမ်းထီအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ပင်လုံရိပ်သာ၌ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

နိုင်ငံတော်၏ လိုအပ်ချက်များကို အလေးထားလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ကျရာကဏ္ဍက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ခမ်းထီသို့ ပေးအပ်ပြီး ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်ကူညီမည်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) မှ နာယကများဖြစ်ကြသည့် ဦးစိန်ရွှေနှင့် ဦးစောဖားမူ၊ ဥက္ကဋ္ဌ ဦးတာကလယ်တို့နှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားရာတွင် မိမိအနေဖြင့် ဦးတာကလယ်နှင့် တိုင်းရင်းသား ခေါင်းဆောင်များအား တွေ့ဆုံပြီး ဥပဒေဘောင်အတွင်း ရောက်ရှိနေပြီဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ မူဝါဒသဘောထား ပြောင်းလဲမှုမရှိဘဲ ယခင်ကအတိုင်း ဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေ ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်ဖြစ်ထွန်းမှုများရရှိအောင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး မိမိတို့အဖွဲ့အစည်းဝင်များအပါအဝင် ဒေသနေ ပြည်သူများ၏ ရေရှည် စားဝတ်နေရေး ပြည့်စုံစိတ်ချရသည့် အခြေအနေရောက်ရှိရုံသာမက စီးပွားဖြစ်ထွန်းမှုများ ရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့အတွက် စားဝတ်နေရေးကို အကျိုးပြုမည့် ဆန်စပါးနှင့် ပြောင်းသီးနှံများအပြင် အဖွဲ့အစည်းအတွက်ရော ဒေသအတွက်ပါ ရေရှည်အကျိုးရရှိနိုင်သည့် ရော်ဘာစိုက်ပျိုးရေးကိုလည်း ဖြစ်နိုင်ချေရှိသည့် နေရာများတွင် မိမိအဖွဲ့အစည်းရော ဒေသနေပြည်သူများကိုပါ စည်းရုံးစိုက်ပျိုးသွားကြစေလိုကြောင်း၊ ရော်ဘာသည် ယနေ့ကမ္ဘာတွင် ဝယ်လိုအား ကောင်းပြီး ဈေးကောင်းရရှိသည့် သီးနှံဖြစ်သည့်အပြင် ရော်ဘာစိုက်ပျိုးမှု လုပ်ငန်းမှ ဒေသအတွင်း အလုပ် အကိုင် အခွင့်အလမ်းကောင်းများလည်း တိုးတက်ရရှိလာစေမှာဖြစ်ကြောင်း။

စီးပွားဖြစ်ထွန်းလာမည်

ဤကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ရရှိလာသည်နှင့် အမျှ ရေရှည်ခိုင်မာ အားကိုးပြုနိုင်သည့် စီးပွားရေး လုပ်ငန်းများ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ထို့ပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ဒေသနေ ပြည်သူများ၏ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် အသေးစားရေအား လျှပ်စစ်များ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ တိုးတက်သည်ထက် တိုးတက်လာစေရန် ဦးဆောင်စည်းရုံးဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း၊ မိမိဒေသနှင့် နိုင်ငံတော်အတွက်ပါ ရေရှည်အကျိုးဖြစ်ထွန်းအောင် စွမ်းဆောင်ပေးကြမည့် ဒေသနေ လူငယ်လူရွယ်များအား အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ပြုစုပျိုးထောင်ပေးသွားကြရန် မှာကြားလိုကြောင်း။

လက်တွဲကြိုးပမ်း

မိမိ အဖွဲ့အစည်းဝင်များ အပါအဝင် ဒေသနေပြည်သူများ ဥပဒေနှင့်အညီ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး လုံခြုံအေးချမ်းသာယာသည့် လူမှုဝန်းကျင်များ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ရည်မှန်းချက်ပန်းတိုင်ရောက်ရေး

ယင်းနောက် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)မှ ဥက္ကဋ္ဌ ဦးတာကလယ်က မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါးလုံးဝပပျောက်သွားသည်အထိ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲပြီး နိုင်ငံတော်က ချမှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)မှ ဦးခွန်ထီးနှင့် ဦးစိန်ရွှေတို့ကဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အထွက်ကောင်းမျိုးစပါးစိုက်ပျိုးရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများကို ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥက္ကဋ္ဌ ဦးတာကလယ်သို့ ပေးအပ်ပြီး ဦးတာကလယ်နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ SSNAဝမ်ယိမ်းနှင့် မိုင်းယွန်းတို့မှ တိုင်းရင်းသား ခေါင်းဆောင်များ၊ MTA အဖွဲ့(ဟိုမိန်း)၊MTAအဖွဲ့ (နားရိုင်း)၊ MTAအဖွဲ့ (မတ်ကျန်း) နှင့် MTA အဖွဲ့(ရွှေပြည်အေး)တို့မှ တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဆွေးနွေးမှာကြားသည်။

ရေအားလျှပ်စစ်အငယ်စားထူထောင်

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ သဘောထားနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် ပြည့်မြောက်အောင်မြင်သည်အထိဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မှာကြားရာတွင် တိုင်းရင်းသား အဖွဲ့အစည်းများသည်မိမိတို့ မိသားစုဝင်များ၊ ဒေသနေ ပြည်သူများ၏ အဓိက လိုအပ်ချက်များဖြစ်သည့် စားရေး၊ဝတ်ရေး၊နေရေး လိုအပ်ချက်များ ဖူလုံမှုရရှိအောင် မိမိတို့ ဒေသတွင်းရှိနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံကောင်းများကို အကျိုးရှိရှိ ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ထို့ပြင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများမှ စီးပွားဖြစ် အရင်းအနှီးများစုဆောင်းပြီး နောက်တစ်ဆင့်အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် ရေအားလျှပ်စစ် အငယ်စားများ ထူ ထောင်သွားနိုင်အောင် ကြိုးပမ်းသွားကြရန် လိုကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရန် လူသားစွမ်းရည်အရင်းအမြစ်များ ပြုစုပျိုးထောင်ပေးသွားကြရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးရေးအထူးဒေသကြီးများသတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းမှာပင် တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုးနှင့် ပင်လုံဒေသများတွင် တက္ကသိုလ်ကောလိပ်များ၊ ဆေးရုံကြီးများ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ အခြေခံပညာရပ်များ လွယ်လင့်တကူ သင်ယူနိုင်ကြစေရန်အတွက်လည်း မူလတန်း၊အလယ်တန်းနှင့် အထက်တန်းကျောင်းများဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

အခွင့်အလမ်းကောင်းအသုံးချမှု

ထို့ကြောင့် ဒေသနေ ပြည်သူများအပိုင်းကလည်း မိမိတို့ ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်ပေးနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မိမိတို့ဒေသများမှ ထွက်ပေါ်လာစေရအောင် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ပြီး အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များကို အဆက်မပြတ် သင်ယူတတ်မြောက်လာစေရန် နိုင်ငံတော်က ဖန်တီးပေးထားသည့် အခွင့်အလမ်းကောင်းများကို အမိအရ အသုံးချသွားနိုင်အောင် ကြိုးပမ်းပေးကြရန်မှာကြားလိုကြောင်း။

ထို့ပြင် မိမိတို့ဒေသများတွင် တရားဥပဒေစိုးမိုးရေး၊လုံခြုံအေးချမ်းမှုရှိရေး၊မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး၊ ပြည်သူများနှင့်အတူ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို တန်းတူရည်တူခံယူလျက် တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

■ ကျောဖုံးမှ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အတူ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက်စနာရီတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၃)ရပ်ကွက် ပြည်ထောင်စုလမ်းမရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စုပေါင်းရုံး တည်ဆောက်မည့်နေရာသို့ ရောက်ရှိသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ပြည်နယ်၊ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စုပေါင်းရုံး တည်ဆောက်မည့် မြေနေရာကိုကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့ ကမ်းနားလမ်းရှိ ဖောင်တော်ပြန်ဆိပ်သို့ ရောက်ရှိကြပြီး စက်တပ်ရေယာဉ်များဖြင့် ညောင်ရွှေမြို့နယ် အင်းလေးဒေသ နန်းသဲကျေးရွာအုပ်စုရှိ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်အမျိုးသားအဖွဲ့ချုပ် (PNO)၏ ပတ္တမြားနဂါး ကုမ္ပဏီလီမိတက်၏ နန်းသဲ စိုက်ပျိုးရေးစခန်းသို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အထူးဒေသများမှ တိုင်းရင်းသား ခေါင်းဆောင်များ၊ ပတ္တမြားနဂါး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ပအိုဝ်း တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား နဂါးခန်းမ၌ ပတ္တမြားနဂါးကုမ္ပဏီလီမိတက် နန်းသဲစိုက်ခင်း အထွေထွေမန်နေဂျာ ဦးခွန်ကျော်လွင်က မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်မှု အခြေအနေ၊ နန်းသဲစံပြစိုက်ခင်းလုပ်ငန်းနှင့် စိုက်ခင်းအခြေအနေ၊ သဘာဝကျွန်းရိုင်းတောမြေများကို စိုက်ပျိုးရရှိနိုင်သည့်ကျွန်းပေါင်သေပုံစံစိုက်ခင်းပေါင်များဖော်ထုတ်၍ ရာသီသီးနှံ၊ ဥယျာဉ်ခြံ သီးနှံများ စိုက်ပျိုးလုပ်ကိုင်နေမှု၊ စပါးစိုက်မြေနေရာများဖော်ထုတ်နေမှု၊ သီးနှံများစိုက်ပျိုးပြီးစီးမှုနှင့် နန်းသဲဟိုတယ်တည်ဆောက်ခြင်း စီမံကိန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အထောက်အကူပြု

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ မိမိအဖွဲ့အစည်းအတွက် ရေရှည်အကျိုးရှိစေသည်သာမက နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် ရော်ဘာ စိုက်ပျိုးရန် မှာကြားလိုကြောင်း၊ ရော်ဘာသီးနှံမှာ ဈေးကောင်းရရှိပြီး ကမ္ဘာတွင် ဝယ်လိုအားကောင်းသည့် သီးနှံဖြစ်ကြောင်း၊ နယ်မြေဒေသရှိ ပြည်သူများ အလုပ်အကိုင်များ တိုးပွားလာစေပြီး အင်းလေးကန် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု၊ နုန်းပို့ချမှုတားဆီးကာကွယ်နိုင်သည့်အပြင် အင်းလေးကန်၏ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့မှုအတွက်ပါ အထောက်အကူပြုစေနိုင်မှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များသည် နန်းသဲစိုက်ပျိုးရေး စခန်းအတွင်း စိုက်ပျိုးထားရှိသော စက်မှုကုန်ကြမ်းဖြစ်သည့် ဆိုးဆေးပင် (New Gardenia Net)၊ ပြည်တွင်းသစ်ခွနှင့် နိုင်ငံခြားသစ်ခွ၊ နှင်းဆီပျိုးခင်း၊ ဒေသလိမ္မော်ပင်၊ ကြက်သွန်နီနှင့် ဂေါ်ရခါး စိုက်ခင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး စပျစ်ပင်၊ ကြံနှင့်ရော်ဘာပင်များ တိုးချဲ့စိုက်ပျိုးရန်မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု နန်းသီတာကျေးရွာရှိ ဏ္ဍိတံကုမ္ပဏီမိသားစု၏ စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ခြံထွက်သီးနှံများဖြစ်သည့် ပန်းလိမ္မော်၊ Sunkistနှင့် ဒေသလိမ္မော်သီးများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား စိုက်ပျိုးရေးခြံဧည့်ခန်းမ၌ စိုက်ပျိုးရေးခြံ မန်နေဂျာ ဦးသန်းစိုးအေးက Country Farm စပျစ်သစ်သီးဝလံခြံ၏ တည်နေရာ၊အကျယ်အဝန်း၊ မြေအမျိုးအစား၊ အဓိက စိုက်ပျိုးသည့် သီးနှံများနှင့် ရေရရှိသုံးစွဲမှုအခြေအနေ၊ အဓိက သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် Country Farm စပျစ်သစ်သီးဝလံခြံအတွင်း စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းနေသည့် လိမ္မော်ပင်များနှင့် စပျစ်ပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည်တောင်ကြီးမြို့နယ်ရွှေညောင်နန်းကွတ်ကျေးရွာရှိ တက်ချောင်ကြက်စာထုတ်လုပ်ရေးနှင့် ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြရာ ခြံပိုင်ရှင်ဒေါက်တာသိန်းစိန်နှင့် ဝန်ထမ်းများကကြိုဆိုကြသည်။

ကြက်ဥဖြန့်ဖြူးမှုတင်ပြ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ခြံပိုင်ရှင် ဒေါက်တာသိန်းစိန်က ခြံအတွင်း မွေးမြူထားသည့် ဥစားကြက်ကောင်ရေ၊ ကြက်စာစက်ရုံမှ ကြက်စာထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေနှင့် ကြက်ဥများဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် ကြက်မွေးမြူရေးခြံများကို လည်းကောင်း၊ ဈေးကွက်တင်ပို့ရန်အတွက် ကြက်ဥ အကြီး၊ အသေး ရွေးချယ် ထုပ်ပိုးနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာ ကောလိပ် (အေးသာယာ) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ယူတည်ဆောက်လျက်ရှိသော ဒေင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ပေ ၂၅၀၀အရှည်နှင့် တစ်ဖက်လျှင် ၁၈ပေအကျယ် နှစ်လမ်းသွား တက္ကသိုလ်အဝင် မော်တော်ကားလမ်းဖောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး သုံးထပ်ပင်မဆောင်နှင့် စာသင်ဆောင်များ တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ကျရာကဏ္ဍကဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အရာရှိ၊ စစ်သည်နှင့် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေး တို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူ အဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသနေပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်ကြွစွာဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည်တက်ရောက်လာကြသည့် တပ်မတော်သား များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးစိုင်းခမ်းလှိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းမြင့်နှင့် ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

တိုးချဲ့ဆောင်လုပ်ငန်းများတင်ပြ

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ဆေးရုံအတွင်းရှိ ရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းမြင့်က အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး၏ တိုးချဲ့သုံးထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ လူတိုင်းလူတိုင်း ကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည် နေထိုင်လိုကြကြောင်း၊ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များအနက် ပထမအချက်ဖြစ်သည့် ကျန်းမာရေးနှင့်ပတ်သက်၍ ပြည်သူများအား အသိပညာပေးရေးလုပ်ငန်းသည် အထိရောက်ဆုံး၊အကျိုးအရှိဆုံးဖြစ်၍ ပြည်သူများ၏ ကျန်းမာရေး အသိပညာကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရအောင် နယ်စပ်ဒေသများ အပါအဝင် ကျေးလက်ဒေသများအထိ သွားရောက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရန် မှာကြားလိုကြောင်း။

ဒုတိယအချက်ဖြစ်သည့်ကာကွယ်ရေး လုပ်ငန်းများကိုလည်း မိမိတို့နိုင်ငံတွင် ဒေသအလိုက်၊ ရာသီအလိုက်ဖြစ်တတ်သည့် ရောဂါများ၊ အခြားအဖြစ်များသည့် ရောဂါများ မဖြစ်ပွားစေရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်းထိထိရောက်ရောက် ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

တတိယအချက်ဖြစ်သည့် ကုသရေးအပိုင်း ပိုမိုထိရောက်စေရေးအတွက်ကိုလည်း ခေတ်မီဆေးပညာရပ်များကို အမြဲမပြတ် ဆည်းပူးသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေး အထူးကုဆေးရုံကြီး၏ တိုးချဲ့သုံးထပ်ဆောင် ဆောက်လုပ်မည့်မြေနေရာကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်အေးကြည်စိန်နှင့် ကျန်းမာရေး ဝန်ထမ်းများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်အေးကြည်စိန်က ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကိုမှာကြားပြီး တောင်ကြီးမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် ဟဲဟိုးလေဆိပ်မှ ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃-၁-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ကဗျာပန်းဥယျာဉ်
၈း၀၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၅	၇။	(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၈။	International News
၈း၄၅	၉။	Grammar Made Easy

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (တက္ကဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅	၆။	အကပဒေသာ
၁၇း၃၀	၇။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇း၄၅	၈။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၅၅	၉။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၈း၀၅	၁၀။	Discovery
၁၈း၁၀	၁၁။	နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"**(အပိုင်း-၅၅)
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ(ပထမနေ့)ဖွင့်ပွဲအခမ်းအနား(၁) (၉-၁၂-၂၀၀၄)
၁၉း၃၅	၁၅။	(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅	၁၆။	အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရာ **"မျိုးချစ်စိတ်ဓာတ်"**
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၂၆)
	၂၁။	Tiger Cup ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် **(ပထမအကြိမ် ဗိုလ်လုပွဲ) (ဒုတိယပွဲစဉ်) (မလေးရှားနှင့် အင်ဒိုနီးရှား)**
	၂၂။	မင်းကွန်း ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသည့် သိပ္ပံနှင့် နည်းပညာကဏ္ဍ

ရန်ကုန်တိုင်း သန်လျင်မြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

တက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်မှု အခြေပြဇယား

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၄	စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၄
၁။	နည်းပညာတက္ကသိုလ်	၁	၄	၄။	အစိုးရ ကွန်ပျူတာ ကောလိပ်	-	၂၄
၂။	ကွန်ပျူတာ တက္ကသိုလ်	၁	၂	၅။	အစိုးရ နည်းပညာ ကောလိပ်	-	၂၆
၃။	မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်	-	၁	၆။	အစိုးရစက်မှုလက်မှု သိပ္ပံ	၁၀	၁၁

ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် အစိုးရနည်းပညာကောလိပ် ပင်မအဆောက်အအုံကို ဤသို့ ခံ့ညားထည်ဝါစွာတွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းရေးအတွက် ဖော်ဆောင်ရန် ယခုအခါ တိုင်းရင်းသားညီအစ်ကိုများ စုစည်းပါဝင်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိသည်။ ဒီမိုကရေစီနှင့် လိုက်ဖက်ညီမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲရေးအတွက် ဆွေးနွေးညှိနှိုင်းနေကြပြီဖြစ်သည်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေး တာဝန်တစ်ရပ်ပင်ဖြစ်သည်။ ထိုမှသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ထွန်းလာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ၏ ပထမအချက်သည် အတိတ်က မြန်မာ့သမိုင်းဖြစ်ရပ်များကိုအခြေခံ၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

တစ်ချိန်က နယ်ချဲ့ဝါဒီတို့သည် ကမ္ဘာတစ်လွှား နယ်ပယ်ချဲ့ထွင်ခဲ့ရာမှ မြန်မာနိုင်ငံသည်လည်း ၎င်းတို့၏ လက်အောက်သို့ ကျရောက်ခဲ့ရသည်။ သို့သော် နယ်ချဲ့ဝါဒီတို့သည် မြန်မာနိုင်ငံကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့ခြင်းကား မဟုတ်ချေ။ မြန်မာတိုင်းရင်းသားတို့သည် သူ့ကျွန်မခံလိုစိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်တို့ဖြင့် နယ်ချဲ့တို့ကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ဖယ်ရှားခဲ့သည်။ နယ်ချဲ့တို့နှင့် လက်နက်အင်အားချင်းမမျှ၍သာ အားမတန်မာန်လျှော့ခဲ့ရခြင်းဖြစ်သည်။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်ကြရ

အလေးထားရမည့် အမျိုးသားရေး ဦးတည်ချက်များ

မြင့်ဝေလှိုင်

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ ယခုနှစ်အတွက် ချမှတ်ခဲ့သည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များမှာ–

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး

ဟူ၍ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရတည်တံ့ ခိုင်မြဲပြီး အစဉ်ခေတ်မီဖွံ့ဖြိုးတိုးတက်နေစေရန်အတွက် အဆိုပါ ဦးတည်ချက်များကို အမျိုးသားရေး တာဝန်များအဖြစ်ခံယူလျက် အချိတ်အဆက်မိမိ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

အဆိုပါ ဦးတည်ချက်များသည် သံမဏိသံကွင်းများဖြင့် ချိတ်ဆက်ထားသကဲ့သို့ ခိုင်မာမြဲမြံစွာ ချိတ်ဆက်မိရန် လိုအပ်သည်။ ကြားဝင် သွေးထိုးနှောင့်ယှက်မှုများကြောင့် အဆိုပါ ကွင်းဆက်များ ပြတ်တောက်သွားလျှင် ရည်မှန်းချက်ပန်းတိုင် ဖြစ်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ရောက်ရှိရန် အလှမ်းဝေးကွာသွားမည် ဖြစ်သည်။

သို့ပါလျှင် အဆိုပါ အမျိုးသားရေးတာဝန်များကို မည်သူတို့က ထမ်းဆောင်ကြမည်နည်း။ ထို့ပြင် ဦးတည်ချက် သံမဏိကွင်းဆက်များ မပြတ်တောက်ရေးအတွက် ကြားဝင်သွေးထိုး နှောင့်ယှက်သူများကို မည်သူတို့က ကာကွယ်တားဆီးကြမည်နည်း။

၎င်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြွက်ကြားခဲ့သော သြဝါဒစကားမှ–

"အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးရဲ့ အခြေခံဖြစ်တယ်။ တစ်မျိုးသားလုံးရဲ့ ဘဝအတွေ့အကြုံအရ မိမိနိုင်ငံဖွံ့ဖြိုးရေးမှာ ပြည်သူတို့ရဲ့ အင်အားဟာ ပဓာနအကျဆုံး ဖြစ်တယ်"

ဟူသည့် အချက်ကို အမှတ်ရမိသည်။

တစ်နည်းအားဖြင့်ဆိုရသော် ဖော်ပြပါအမျိုးသားရေးတာဝန်များကို ထမ်းဆောင်ရန်နှင့် အဖျက်ရန်ဟူသမျှ ကာကွယ်တားဆီးရမည့်သူများမှာ တိုင်းရင်းသားပြည်သူများပင်ဖြစ်ကြောင်း ဖော်ညွှန်းပြဆိုခဲ့ခြင်းဖြစ်သည်။

၎င်းနောက် မြန်မာတိုင်းရင်းသားညီအစ်ကိုတို့သည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို ပြန်လည်တည်ဆောက်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ဘက်စုံထောင့်စုံမှ နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့၌ လွတ်လပ်ရေးအတွက် အဓိကအရေးကြီးသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တိုင်းရင်းသားခေါင်းဆောင်များက ခိုင်ခိုင်မာမာ ပြသခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှသည် နိုင်ငံလွတ်လပ်ရေးကို ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ရရှိခဲ့သည်။

လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်းတွင်လည်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲမှု ဒဏ်ရာဒဏ်ချက်များကြောင့် တိုင်းရင်းသားအချင်းချင်း သံသယပွားကာ အထင်မှား၊ အမြင်မှား ဖြစ်ခဲ့ရသည်။ ထိုမှတစ်ဆင့် နိုင်ငံအတွင်း မတည်မငြိမ်ဖြစ်ကာ လွတ်လပ်ရေးပြန်လည်ဆုံးရှုံးရမည့် အခြေအနေများနှင့် ရင်ဆိုင်ခဲ့ရသည်။

အဆိုပါ အတိတ်သမိုင်းဖြစ်စဉ်များကို အခြေခံ၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးဟူသည့်အချက်ကို အရေးပါသည့် အချက်တစ်ချက်အဖြစ် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်တွင် ထည့်သွင်းဖော်ပြထားခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် အဆို
နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သည့် ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်သည်။

ဒို့တာဝန်အရေးသုံးပါးနှင့် စပ်လျဉ်း၍ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တွင် သြဝါဒ
ရာ၌–

**"နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော် အဖြစ် တ
အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိ
မျိုးချစ်အင်အားစုကြီး လိုအပ်တယ်"** ဟူ၍ ထည့်သွင်းမိန့်ကြားခဲ့သည်။

ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်အတွက် လွန်စွာအရေးပါ လှကြောင်း လမ်းညွှန်မိန့်ကြား

လွတ်လပ်ရေးနေ့အမျိုးသားရေး ဦးတည်ချက်များမှ ဒုတိယအချက်၊ တတိယအချက်နှင့် စ
ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တွင် ထည့်သွင်းဖော်ဆောင်လျက်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင်–

ပထမအဆင့် – ၁၉၉၆ ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ ထားလျက်ရှိသော အမျိုးသ
ပြန်လည်ကျင်းပခြင်း။

ဒုတိယအဆင့် – အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီး သည့်အခါ စစ်မှန်ပြီး စည်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းတွင် ဤသို့ ကျင်းပခဲ့သည်။

...သို့ ချီတက်ကြရာတွင်

...တည်ချက်များ

...ဝလှိုင်

...ားခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် အဆိုပါ အချက်သည် ...ရေးသုံးပါးပင်ဖြစ်သည်။

...် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ပြည်ထောင်စု ...ကျွတ်အစည်းအဝေး(၂၀၀၄)တွင် သြဝါဒစကား ပြောကြား

...ဖြိုးတိုးတက်တဲ့ နိုင်ငံတော် အဖြစ် တည်ဆောက်ရာမှာ ...ါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝတဲ့ ...့်သွင်းမိန့်ကြားခဲ့သည်။

...စွာအရေးပါ လှကြောင်း လမ်းညွှန်မိန့်ကြားခဲ့ခြင်း ဖြစ်သည်။ ...မှ ဒုတိယအချက်၊ တတိယအချက်နှင့် စတုတ္ထအချက်တို့ကို ... (၇)ရပ်တွင် ထည့်သွင်းဖော်ဆောင်လျက်ရှိနေပေပြီ။ ...ပ်တွင်-

...အားဖြင့် ဆိုင်းငံ့ ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို

...ြင်စွာ ကျင်းပပြီးစီး သည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော

ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။

တတိယအဆင့် – အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့် အညီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲခြင်း။

စတုတ္ထအဆင့် – ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်း။

ပဉ္စမအဆင့် – ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့ စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း။

ဆဋ္ဌမအဆင့် – ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော် အစည်းအဝေးများကျင်းပခြင်း။

သတ္တမအဆင့် – လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့်အာဏာပိုင် အဖွဲ့အစည်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ ပါဝင်သည်။

တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ဝေနမြစ်ကူး ပုသိမ်တံတားကို အချိန်တိုအတွင်း ဤသို့ ပြီးစီးအောင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းရေးအတွက်ဖော်ဆောင်ရန် ယခုအခါ တိုင်းရင်းသားညီအစ်ကိုများ စုစည်းပါဝင်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိသည်။ ဒီမိုကရေစီနှင့် လိုက်ဖက်ညီမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရေးအတွက် ဆွေးနွေးညှိနှိုင်းနေကြပြီ ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေး တာဝန်တစ်ရပ်ပင် ဖြစ်သည်။ ထိုမှသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တွင် သြဝါဒစကား မြွက်ကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်နှင့် စပ်လျဉ်း၍-

"နိုင်ငံတော်အစိုးရဟာ ဒီ့တာဝန်အရေးသုံးပါးကို နိုင်ငံတော်နဲ့ တိုင်းရင်းသား ပြည်သူအားလုံးအတွက် ချမှတ် ကျင့်သုံးခဲ့တယ်။ နိုင်ငံတော်နဲ့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့ ရှင်သန်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွေရဲ့ အခြေခံအုတ်မြစ်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေး ဖြစ်တယ်လို့ နိုင်ငံတော်က မမိုတ်မသုန် ယုံကြည်တယ်။ နိုင်ငံတော် အစိုးရဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူ အားလုံးရဲ့ အကျိုးစီးပွားအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း အလေးအနက် ပြောကြားလိုတယ်" ဟူ၍ လည်းကောင်း၊

"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော် တည်ဆောက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးရဲ့ အခြေခံဖြစ်တယ်။ တစ်မျိုးသားလုံးရဲ့ဘဝအတွေ့အကြုံအရ မိမိနိုင်ငံ ဖွံ့ဖြိုးရေးမှာ ပြည်သူတို့ရဲ့အင်အားဟာ ပဓာနအကျဆုံး ဖြစ်တယ်"

ဟူ၍ လည်းကောင်း ထည့်သွင်းမိန့်ကြားခဲ့သည်။

တိုင်းရင်းသားညီအစ်ကိုတို့၏ အမျိုးသားစည်းလုံးညီညွတ်မှုအင်အား အရေးပါမှုကို ဖော်ညွှန်းမိန့်ဆိုခဲ့ခြင်းဖြစ်သည်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်ပါ အချက်များကို ပြန်လည်လေ့လာကြည့်လျှင် ပါဝင်သော အချက်များသည် တစ်ချက်နှင့်တစ်ချက် ကွင်းဆက်များ ဖြစ်နေသကဲ့သို့ တစ်ချက်ချင်းအလိုက် ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်သူများသည်လည်း တိုင်းရင်းသားညီအစ်ကိုများသာဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသား ညီအစ်ကိုများသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ရောက်ရှိရေးအတွက် အမျိုးသားစည်းလုံးညီညွတ်မှုအင်အား၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းပကား အခြေခံအုတ်မြစ်ကို ခိုင်မာမြဲမြံစွာ တည်ဆောက်လျက် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ မမိုတ်မသုန် ဆက်လက်လျှောက်လှမ်း ချီတက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့တွင် ပင်လုံတက္ကသိုလ်ကြီးကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အတိတ်သမိုင်းဖြစ်စဉ်များကို အခြေခံ၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်း လက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဟူသည့်အချက်ကို အရေးပါသည့် အချက်တစ်ချက်အဖြစ် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်တွင် ထည့်သွင်းဖော်ပြထားခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် အဆိုပါ အချက်သည် နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သည့် ဒို့တာဝန် အရေးသုံးပါးပင် ဖြစ်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) ၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပစဉ်။
(သတင်းစဉ်)

** ကျောဖုံးမှ*

တက်ရောက်

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများ၊ ထူးချွန်လူငယ်များတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာကြသူများက ကျိုင်းတုံမြို့

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) ၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် သဘာပတိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာစိုင်းဆေးကော် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မြို့တော်ခန်းမရှေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံတော်ကို အလေးပြုကြသည်။

ထို့နောက် ကျိုင်းတုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'ပြည်မြန်မာသီချင်း'**နှင့်**'ရာသက်ပန်ပြည်ထောင်စု'**သီချင်းတို့ဖြင့် သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ စတင်ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာစိုင်းဆေးကော်က အမှာစကား ပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) တွင်ချမှတ်ပေးခဲ့သည့် ဦးတည်ချက် (၇)ရပ်နှင့်အညီ အသင်းအဆင့်ဆင့်၏ တစ်နှစ်တာကာလ အကောင်အထည် ဖော်ခဲ့ကြသည့် လုပ်ငန်းဆောင်ရွက်ချက်များကို အခြေပြုဆွေးနွေးခဲ့ကြောင်း၊ စုံညီအစည်းအဝေးများနှင့် အစုအဖွဲ့များ၏ နီးနှောဖလှယ်ပွဲများတွင်လည်း ဒေသအသီးသီးမှ ကိုယ်စားလှယ်များက ဘက်စုံထောင့်စုံ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆွေးနွေးပြီး လက်တွေ့နယ်ပယ်တွင် တကယ်အကျိုးများစေမည့် ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ကြောင်း၊ ထိုအစည်းအဝေးကြီးက ချမှတ်ပေးခဲ့သည့် ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များသာမက ရည်မှန်းချက်တူသောလူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ဒေသခံပြည်သူများနှင့်ဝိုင်းဝန်း အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင်ဦးတည်ချက်အကောင် အထည်ဖော်ရေးလုပ်ငန်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်းကို ဦးစွာ တင်ပြလိုကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်

မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရာတွင် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အဓိကအကျဆုံးဖြစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရာတွင် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှု ရရှိလာခဲ့မှုအခြေအနေ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှု အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အခါမလပ် မိန့်ကြားခဲ့ကြောင်း၊ အထူးသဖြင့် နာယကကြီး အနေဖြင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတွင် အဓိကအကျဆုံးသည် အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်သည်ဆိုသည်ကို နိုင်ငံတော်အစိုးရက ယုံကြည်ကြောင်းကို မိန့်ကြားခဲ့ကြောင်း၊ နာယကကြီး အနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် တိုင်းရင်းသား အားလုံး၏ အကျိုးစီးပွားအတွက် အမျိုးသား စည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ကြမည် ဖြစ်ကြောင်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကိုကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်နှင့်ပြည်သူများ၏ စီးပွားရေး ခိုင်မာတောင့်တင်းမှုအတွက် ဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဇာလိုင်းဆိုင်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက် (၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးပီတာသောင်းစိန်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စု စိတ်ဓာတ် အရင်းတည်ပြီး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲရေးတို့ကို တိုက်တွန်းလမ်းညွှန်သွားခဲ့ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက်ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်စေရန် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အဆိုပြုဆွေးနွေးတင်ပြသည်။

အဆိုပြုဆွေးနွေး

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဇာလိုင်းဆိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ် အောင်မြင်စေရန် စွမ်းရည် စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အဆိုပြု ဆွေးနွေးတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးပီတာသောင်းစိန်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အဆိုပြုဆွေးနွေးတင်ပြသည်။

ထောက်ခံဆွေးနွေး

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်စေရန် အကောင်အထည်ဖော်ရေးအဆိုနှင့် စပ်လျဉ်း၍ ကျိုင်းတုံခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူးဦးစီလပ်ကလည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်စေရန် အကောင်အထည်ဖော်ရေး အဆိုနှင့် စပ်လျဉ်း၍ တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးစိုးမြင့်က လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းများကိုအကောင်အထည် ဖော် ဆောင်ရွက်မည့် အဆိုနှင့် စပ်လျဉ်း၍ မိုင်းဆတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာကြည်စိုးကလည်းကောင်း အသီးသီး ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးမြင့်နိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်နန်းဆိုင်လီတို့က ထူးချွန်လူငယ်များအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ခရိုင်လေးခရိုင်သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၇၄သိန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်နန်းကျောက်တစ်ပ်က ပေးအပ်လှူဒါန်းရာ ခရိုင် လေးခရိုင်ကိုယ်စား ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်က လက်ခံရယူသည်။

အဆိုပါကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ငါးမြို့နယ် မီးလင်းရေးအတွက် ငွေကျပ်သိန်း၅၀၊ မြို့နယ်၁၀မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း၁၀၀၊ ကျိုင်းတုံမြို့နယ် ဝမ်စိုင်းကျေးလက်ဆေးပေးခန်းအတွက် ငွေကျပ်၁၅သိန်း၊ မိုင်းခတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကျောင်းမှ ဆရာ ဆရာမလစာ ထောက်ပံ့ငွေအတွက်ငွေကျပ်လေးသိန်းနှင့်မိုင်းဆတ်မြို့နယ် ဝိန်းလိတ်ကျေးရွာမီးလင်းရေးအတွက် ငွေကျပ်ငါးသိန်းတို့ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် သဘာပတိက ညှိနှိုင်းအစည်းအဝေးတက်ရောက်လာကြသူများ၏ ဆန္ဒကိုရယူကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ ဆောင်ရွက်ရန်တင်ပြသည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ကြကာ အခမ်းအနားကို နံနက်၁၀နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မိုင်းဆတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာကြည်စိုးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

တာချီလိတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

ကျိုင်းတုံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစီလပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

ပန်းတနော်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၉)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ မဟာဝိဇယစေတီတော် ဓမ္မရက္ခိတဓမ္မာရုံတွင် ကျင်းပမည် ဖြစ်သည်။

၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ အသက် ၈၀ပြည့် အဘိုးအဘွားများစာရင်းကို ဇန်နဝါရီ ၇ ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီးဝင်းမောင် ဖုန်း-၅၈၀၈၉၉၊ ဦးသိန်းအောင် ဖုန်း-၃၇၈၇၄၅၊ ဦးသန်းစိုး ဖုန်း-၂၂၃၇၁၀၊ အသင်းရုံး ဖုန်း-၂၂၆၇၀၈ တို့သို့ ဆက်သွယ် စာရင်းပေးပို့ကြရန်နှင့် မြို့နယ်သူ မြို့နယ်သားများနှင့် စိတ်ပါဝင်စားသူတိုင်း တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။**(က-ပ)**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်သန့်ရှင်းသပ်ရပ်စေရေး လမ်းများအဆင့်မြှင့်တင် ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

ရန်ကုန်မြို့တော်သန့်ရှင်းသပ်ရပ်စေရေးဆောင်ရွက်မှုများ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် စစ်ဒေသမှူးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများ၊လမ်းများနှင့်လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းနေမှုလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းပြသ

တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် ၂၀ လမ်းနှင့် ၂၂ လမ်းကြား လမ်းဘေးလူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားခင်းကျင်း ပြီးစီးမှုနှင့် လမ်းတစ်လျှောက် ဆက်လက်ခင်းကျင်းနေမှု၊ လမ်းဘေးဝဲယာတစ်လျှောက် အမှိုက်များရှင်းလင်းနေမှု၊ ကူးစက်ရောဂါဖြစ်ပွားတတ်သည့် ရောဂါပိုးမွှားများ မခိုအောင်နိုင်စေရေးအတွက် ပိုးသတ်ဆေးများ ဖျန်းပက်နေမှုနှင့် လမ်းဘေးရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းနေသည့် အခြေအနေများကို လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် ၂၇လမ်းနှင့် ရွှေဘုံသာလမ်းကြား လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြား ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းကျင်းနေသည့် အခြေအနေ၊မဟာဗန္ဓုလလမ်းတစ်လျှောက်၌ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အမှိုက်များ ရှင်းလင်းနေသည့် အခြေနေများကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ လမ်းဘေးရေနုတ်မြောင်းဆယ်ယူရှင်းလင်းနေမှု၊ ဗိုလ်တထောင်ဘုရားလမ်းတစ်လျှောက် လမ်းဘေးဝဲယာအမှိုက်များ ရှင်းလင်းနေမှု၊ ဗိုလ်တထောင်ဘုရားလမ်းကို ခေတ်မီစက်ယန္တရားကြီးများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ကမ်းနားလမ်းကို ခေတ်မီစက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကို လည်းကောင်း၊ ကမာရွတ်မြို့နယ်ဟံသာဝတီအဝိုင်းအနီးရှိ ပြည်လမ်း လမ်းဘေး လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများ ခင်းကျင်းနေသည့် အခြေအနေ၊ လူသွားစင်္ကြံဘေး တစ်လျှောက် အမှိုက်များ ရှင်းလင်းပြီး ပန်းအလှများ စိုက်ပျိုးထားသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြို့တော်သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများ၊ လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းခြင်းလုပ်ငန်းများ၊ ပန်းအလှပင်များ၊ မြက်ခင်းပြင်များသည် မြို့တော်အတွင်း သာယာလှပစေရေး သာမက ပြည်သူအများ ကျန်းမာသန့်ရှင်းသည့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေး၊ လေကောင်းလေသန့် ရရှိရေးကိုလည်း များစွာအထောက်အကူပြုသဖြင့် မြို့နယ်များအလိုက် ပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရေး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်းများသို့ ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများအတွက် ငွေပဒေသာပင်လှူဒါန်းပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် အဆိုပါဝန်ကြီးရုံးရှိ မေခလာခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတက်ရောက်၍ အလှူငွေများကို လက်ခံသည်။

ရှေးဦးစွာ ကွယ်လွန်သူ ဦးမောင်မောင်ညွန့်အားရည်စူး၍ ဇနီးဖြစ်သူ ဒေါ်ခင်ဆွေယုနှင့် သားသမီး မြေးမြစ်တို့က ငွေကျပ် ၁၀သိန်းကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ ပေးအပ်လှူဒါန်းကြပြီး ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်း များအတွက် အလှူရှင် ကွယ်လွန်သူဦးမောင်ညွန့်အား ရည်စူး၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်ဆွေယုနှင့် သားသမီး မြေးမြစ် တို့က ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင်လည်းကောင်း ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားများ လေ့ကျင့်ရာသို့ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆပ်ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် ဆပ်ကော်မတီဝင်များ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြို့နယ်များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အလေးပြု

အစီအစဉ်အရ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားကို ကျင်းပပြီးနောက် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ (ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့နေရာယူခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုခြင်း၊ ဂုဏ်ပြုတပ်ဖွဲ့ပြန်လည်ထွက်ခွာခြင်းတို့ကို ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဆိုင်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်း ပလိပ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG)အရောင်းဆိုင်သို့ ရောက်ရှိစစ်ဆေးသည်။ (အပေါ်ပုံ)

ဝန်ကြီးအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း တာဝန်ရှိသူတို့မှ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်တင်းပေးနိုင်မှု အခြေအနေ၊ သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်(Compressor)အခြေအနေ၊ CNG အရောင်းဆိုင်နှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးကမော်တော်ယာဉ်များ၊ ခရီးသည်များအဆင်ပြေချောမွေ့စေရေးအတွက် ဖြည့်တင်းစဉ် စောင့်ဆိုင်းချိန်မကြာစေရေးဂရုစိုက်ရန်၊ စက်ပစ္စည်းများ ကောင်းမွန်နေစေရေးအတွက် အမြဲမပြတ်စစ်ဆေးပြုပြင်အသုံးပြုရန်၊ လုပ်ငန်းများ မရပ်တန့်စေရန်အတွက် Compressor အရန်ထားရှိရန်၊ လိုအပ်ပါက အသုံးပြုရန်အတွက် အရန်မီးစက်ထားရှိရန်စသည်ဖြင့် မှာကြားပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ခရီးသည်များအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ပေးခြင်းဖြင့် ခရီးသွားပြည်သူများမှာ ယာဉ်စီးခ ထက်ဝက်ခန့် သက်သာစွာဖြင့် သွားလာလျက်ရှိသလို ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း ပြည်တွင်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့ကို ဈေးနှုန်းချိုသာစွာဖြင့် အလုံအလောက် ဖြည့်တင်းနိုင်ပြီး စက်သုံးဆီဖြင့်မောင်းနှင်ခြင်းထက် ဝင်ငွေရရှိမှုမှာ စီးပွားရေးပိုမိုတွက်ခြေကိုက်ကြောင်း၊ ခရီးသွားပြည်သူများနှင့် ယာဉ်ပိုင်ရှင်များ၏ ပြောပြချက်များအရ သိရသည်။

ပလိပ် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်တွင် မန္တလေး-ပလိပ်-စဉ့်ကိုင်-ကျောက်ဆည်-မြစ်သား- ကူမဲ-တံတားဦးမြို့တို့သို့ ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လိုင်းများမှ ခရီးသည်တင်မော်တော်ယာဉ်များကို နေ့စဉ် နံနက် ၃နာရီမှ ည ၁၂နာရီအထိ သဘာဝ ဓာတ်ငွေ့ဖြည့်တင်းရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

စက်မှုဖွံ့ဖြိုးတိုးတက်ရေးသုတေသနပြပွဲနှင့် စာတမ်းဖတ်ပွဲ ရန်ကုန်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

စက်မှုဖွံ့ဖြိုးတိုးတက်ရေးသုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ကြို့ကုန်းရှိ ရန်ကုန်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုသုတေသနပညာရှင်များ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုဖွံ့ဖြိုးတိုးတက်ရေးသုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စက်မှုဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ မှခ်ဦးကို အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သုတေသနပညာရှင်များ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများသည် ပင်မဆောင်မြေညီထပ်နှင့် ပထမထပ်တို့တွင် ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီး နံနက် ၉နာရီခွဲတွင် ပင်မဆောင်အစည်းအဝေးခန်း အမှတ်(၁)၌ သုတေသနစာတမ်းဖတ်ပွဲကိုကျင်းပရာ နံနက်ပိုင်းသဘာပတိအဖြစ် ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခ/ဌာနမှူး ဒေါက်တာထင်အောင်က ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

စာတမ်းများဖတ်ကြား

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံမှ အထွေထွေမန်နေဂျာ ဦးလှိုင်သိန်းက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲခြင်း သုတေသနစာတမ်းကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ကထိက ဒေါက်တာ သန္တာအောင်က Design and Construction of Water Cooler စာတမ်းကို လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ကထိက ဒေါက်တာခိုင်ခိုင်အေးက ပြည်တွင်းဖြစ် Quartzite ကို Induction Furnace တွင် Lining အဖြစ် သုံးစွဲနိုင်မှုအခြေအနေကို လေ့လာတင်ပြခြင်း စာတမ်းကိုလည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာမြမြဦးက Biogas:A Contribution to Rural Development စာတမ်းကို လည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကထိက ဒေါ်ချိုချိုဝင်းက ရေတွင်ပျော်ဝင်နေသော အာဆင်းနစ်ပမာဏကို လျှော့ချခြင်း (Arsenic Mitagation) စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားကြပြီး သုတေသနစာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနား ဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခ/ဌာနမှူး ဒေါ်မြမြအေးက ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ဖတ်ကြားဆွေးနွေး

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ကထိက ဒေါက်တာဝင်းနိုင်က လျှပ်စစ်ညှို့အားဖြင့် အပူပေး အမာတင်စက် (Induction Hardening Machine) စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မှ ကထိက ဒေါက်တာရွှေဇင်အောင်၊ နိုင်နိုင်စိန်ထွန်းနှင့် အဖွဲ့က Micro-controller-based Grain Moisture Tester စာတမ်းကို လည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကထိက ဒေါ်သက်သက်နွယ်က မြန်မာနိုင်ငံ အခြေအနေနှင့်လိုက်လျောညီထွေမှုရှိမည့် အပြည်ပြည်ဆိုင်ရာလေ့လာချက်အရ စက်မှုဇုန် သတ်မှတ်ခြင်း (Industrial Zoning , International Case Studies Relevant to Myanmar Context) စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာချိုချိုဦးက Feasibility Studies on the Preparation of Synthetic Fuels Based on the Pyrolysis of Coal-Polymer Mixtures စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မှ ကထိက ဒေါ်ရီရီမြင့်က LR 115 Type 2 အနီရောင်ဆဲလူလိုနိုက်ထရိုက်၏ မျက်နှာပြင်စားနှုန်းကို လေ့လာခြင်းစာတမ်းကို လည်းကောင်း အသီးသီးဖတ်ကြား ဆွေးနွေးကြပြီး သုတေသနစာတမ်းဖတ်ပွဲ ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ စက်မှုဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲကို ဇန်နဝါရီ၃ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြသထား

စက်မှုဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြပွဲ၌ မြေညီထပ်ရှိ အမှတ်(၂) စက်မှု ဝန်ကြီးဌာနပြခန်းတွင် CNG သဘာဝဓာတ်ငွေ့သုံးအင်ဂျင်၊ CNC စနစ် သုံးတွင်ခုံ၊ DRO စနစ်သုံး တွင်ခုံ၊ DRO Milling ကြိတ်စက်၊ SPOT သံပြား ဂဟေဆော်စက်နှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနက တီထွင်ထားသော စက်ကိရိယာများကို လည်းကောင်း၊ မြန်မာ့မီးရထားပြခန်းတွင် မြန်မာ့မီးရထားက သွန်းလောင်းသော ကုန်တွဲဘီး၊ မြန်မာ့မီးရထားက ထုတ်လုပ်သော ကုန်တွဲဘိုဂီ၊ မြင်းကောင်ရေ ၁၂၀၀အားနှင့် ၁၆၀၀အား စက်ခေါင်းများ၏ ဒီဇယ်အင်ဂျင် ဆလင်ဒါထုတ်လုပ်ခြင်း၊ ဒီဇယ်လျှပ်စစ် စက်ခေါင်းဘီးကို လည်ပတ်စေသော ထရက်ရှင်မော်တာ အစိတ်အပိုင်းများနှင့် မြန်မာ့မီးရထားက တီထွင်ထုတ်လုပ်ထားသော စက်ပစ္စည်းများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်းတွင် CNC ပြကွက်များ၊ တိရစ္ဆာန်စွန့် ပစ္စည်းမှ ဇီဝဓာတ်ငွေ့ပြုလုပ်ခြင်း သုတေသန၊ သစ်တိုသစ်စများ အသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ U-F °°ကော်သုံး၍ ဝါးအမျှင်ချပ်ပြားများ ပြုလုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းတို့ကို လည်းကောင်း၊ ပထမထပ်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များ၊ ကုမ္ပဏီများက စက်မှုဖွံ့ဖြိုး တိုးတက်ရေးသုတေသနပြကွက်များကို လည်းကောင်းပြသထားသည်။ **(သတင်းစဉ်)**

ရေဝတီတိုင်း အထပ်သားစက်ရုံ၊ သစ်စက်များနှင့် စံပြကျွန်းစိုက်ခင်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဒီဇင်ဘာ၃၁ရက် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၄)အထပ်သားစက်ရုံသို့ရောက်ရှိရာ စက်ရုံဧည့်ခန်းမ၌ စက်ရုံမှူး ဦးခင်အောင်နှင့် တာဝန်ရှိသူများက စက်ရုံ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း သစ်လုံးမှသစ်ပါးလွှာများထုတ်လုပ်မှု၊ အထပ်သားအဖြစ် ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ပြည်ပပို့ရန် ထုပ်ပိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ပုသိမ်မြို့ရှိ အမှတ်(၃၃) သစ်စက်သို့ရောက်ရှိ၍ စက်ရုံအတွင်း စက်လည်ပတ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရေကြည်မြို့နယ် သီတာကုန်းပြင်ကျေးရွာရှိ အမှတ်(၁၀၆) သစ်စက်သို့ လည်းကောင်း၊ အင်္ဂပူမြို့နယ် နန်ကသူကျေးရွာရှိ အမှတ်(၃၁)နှင့် အမှတ်(၁၂၆) သစ်စက်များသို့လည်းကောင်း ရောက်ရှိပြီး သစ်ခွဲသားထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်္ဂပူမြို့နယ်အတွင်းရှိ စံပြကျွန်းစိုက်ခင်းနှင့် မြန်အောင်မြို့နယ်အတွင်းရှိ စံပြကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ကြံခင်းမြို့နယ် မျှင်ဝါးတောင်ကြိုးဝိုင်း အကွက်အမှတ်(၁)ရှိ ကျွန်းအထူးစိုက်ခင်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက စိုက်ခင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည်စိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် ဝန်ကြီးသည် ကြံခင်းမြို့ရှိ အမှတ်(၁၀၅) သစ်စက်နှင့် ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂၃)သစ်စက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ခရီးစဉ်အတွင်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလေအလွင့်မရှိစေရေး၊ စိုက်ခင်းလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဘူမိဗေဒကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် ဘူမိဗေဒအဓိကဖြင့် (၁၉၇၃/၇၄/၇၅) ခုနှစ်များတွင်ဘွဲ့ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို ဦးသိန်းဇံ ဖုန်း-၀၉-၈၀-၂၄၂၇၂၊ ဦးမြင့်သိန်းတင် ဖုန်း-၀၉-၅၀-၀၉၆၄၂၊ ဦးရီစိန်-ဒေါ်တင်တင်အေး ဖုန်း-၀၁-၇၀၀၆၀၇၊ ဦးအောင်ပြုံး ဖုန်း-၀၁-၂၉၃၈၄၇၊ ဦးထွန်းရှိန် ဖုန်း-၀၁-၆၆၇၇၄၁၊ ဦးစိုးကြင်-ဒေါ်ခင်မမ ဖုန်း-၀၉-၅၀-၁၁၂၃၃၊ ဦးဥာဏ်ဝင်း ဖုန်း-၅၄၁၅၆၉၊ ၀၉-၅၀-၀၈၀၀၈နှင့် ဒေါ်စန်းစန်းဝင်း ဖုန်း-၆၈၃၃၆၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဗဟန်းမြို့နယ် အမက(၁၀)တွင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်က (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကိုလည်းကောင်း၊ ဆရာမ ဒေါ်မြသက်က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံကို လည်းကောင်း ရှင်းလင်းဟောပြောပြီး ကျောင်းသား ကျောင်းသူများက လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံအကြောင်း စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်ရေးသားကြစဉ်။

(က-ပ)

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ၂၀၀၃-၂၀၀၄ပညာသင်နှစ် ဘက်စုံပညာ ထူးချွန်ဆုနှင်းသဘင် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဘက်စုံပညာ ထူးချွန်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက်၈နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အဆိုပါကျောင်း ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏မိသားစုဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် **တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းရီ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၏ဇနီး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၏ဇနီး၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၏ဇနီး၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူး ချုပ်နှင့်ဇနီး၊ ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့်မိဘများ၊ အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆုနှင်းသဘင် အခမ်းအနားတွင် ကျောင်းသားကျောင်းသူများအား ထူးချွန်ဆုများချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို သီဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးအထက်တန်း ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းအောင်က ကျောင်း၏ သင်ကြားစီမံကိန်စ္စရပ်များကို ရှင်းလင်း တင်ပြပြီး ကျေးဇူးတင်စကားပြော ကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဘက်စုံ ပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

ထို့နောက် MTAအဖွဲ့(ရွှေပြည်အေး)ဥက္ကဋ္ဌ ဦးစိုင်းခွန်မိန်းက တပ်မတော်အစိုးရ၏ မူဝါဒသဘောထားနှင့် တိုင်းပြုပြည်ပြု ဆောင်ရွက်ချက်များကို အလေးအနက်ထောက်ခံ ယုံကြည်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် တပ်မတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း လက်ခံ ယုံကြည်ပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၃)မှ ဦးခေးတိုင်းက နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကိုရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ MTAအဖွဲ့ (မတ်ကျန်း)မှ ဦးခွန်ဆိုင်နှင့် ဦးစိုင်းမျိုးအောင်တို့က နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုကို လေးစားယုံကြည်ပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းညွှန်မှုများနှင့်အညီ ပူးပေါင်း လက်တွဲ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများကို တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးအဖွဲ့ ရှစ်ဖွဲ့တို့မှ ခေါင်းဆောင်များအားပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ ငြိမ်းချမ်းရေးအဖွဲ့ ၁၀ဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့်အတူ နေ့လယ်စာသုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသငြိမ်းချမ်းရေးအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့်အတူ တစ်ဖွဲ့ချင်းအလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့၌ ရပ်နားကြသည်။ **(သတင်းစဉ်)**

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆုနှင်းသဘင် အခမ်းအနားတွင် စတုတ္ထတန်း ဘာသာစုံထူးချွန်ဆုနှင့် စတုတ္ထတန်း ငါးဘာသာ ထူးချွန်ဆုရ မောင်သီဟရွှေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းအောင်က ထူးချွန်ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အလှူရှင်များ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၃၈ ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ လှူဒါန်းကြသော အလှူရှင်များ၏ (၃၃)ကြိမ်မြောက် စုပေါင်းရေစက်ချပွဲနှင့်အလှူရှင်များ၏ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက အဆိုပါဆေးရုံကြီး ရှစ်ထပ် ဝေဇယန္တာဆောင်ခန်းမတွင် ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီးဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကိုကိုကြီးနှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်သည်တော်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ တင်ပြလျှောက်ထားသည်။

ယင်းနောက် ဆရာတော်ကြီးနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(က-ပ)

ရွှေစင်သက်န်း၊ လှူဒါန်းစေတီ၊ နိဗ္ဗာန်ရည်

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းရပ်ကြီးများမှ အစဉ်အလာ အရ ပြုမြဲဒါနဖြစ်သော ရွှေတိဂုံစေတီတော်၏လုံးတော်ပြည့်ရွှေသက်န်းကပ်လှူပူဇော်ရေးလုပ်ငန်းရပ်ကြီးကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ စတင်၍ ဆောင်ရွက်လျက်ရှိပါသည်။

ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့သည့်

မြန်မာနှင့် ကမ္ဘာတစ်ဝန်းဗုဒ္ဓဘာသာဝင်တို့၏ အမွန်အမြတ်သာသနာ့အောင်လံတော်

လေးဆူဓာတ်တော် ကိန်းဝပ်စံပယ်တော်မူ၍ နေတစ်ဆူ လတစ်မင်းလို ထွန်းလင်းတောက်ပ တော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေစင်ရွှေပြား ရွှေသားသက်န်းနှင့် ရွှေဆိုင်း၊ ရွှေမျက်ပါးသက်န်းတော်များ ကပ်လှူရောင်တော်ဖွင့် ပူဇော်မည်ဖြစ်ပါသည်။

နှစ်စဉ်နှစ်တိုင်း လှူဒါန်းခွင့်မဆုံ ကြုံတောင့်ကြုံခဲဒါနပွဲကြီး ဖြစ်ပါသည်။

အနည်းဆုံး ငါးနှစ်ကျော်မှတစ်ကြိမ်သာ ပြုရခဲသည့် ရွှေတောင်ကြီးပမာ မဟာအလှူပွဲကြီးဖြစ်ပေသည်။

အခွင့်သာဆဲ ရခဲလှသော ကုသိုလ်အမှု မြတ်ဒါနကို မပြုလိုက်ရ မရှိရအောင် နိဗ္ဗာန်ရည်မျှော် နှိုးဆော်ပါသည်။

ရွှေစင်ရွှေပြား မြတ်ရွှေသားနှင့် ရွှေဆိုင်းမျက်ပါးသက်န်းများကို ပွားများသဒ္ဓါ ဖြိုးလျှံစွာဖြင့် ပူဇော်နိုင်ပါပြီ...

"ရွှေလှူလျှင်ရွှေလိုလှ ဘဝအာနုဘော်
နောင်သံသရာလိုတာရ ဒါနသာစုခေါ်
မြတ်သောရွှေပြည် အဆုံးသတ် နိဗ္ဗာန်ဝင်စံပျော်
သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ဖြင့် လှူဒါန်းကြပါသော်ဝ..."

ရွှေဆိုင်း၊ ရွှေမျက်ပါး	(၁ X ၁)ပေ	၄၇၅၀ ကျပ်
ရွှေစင်ရွှေပြား	(၁ X ၁)ပေ	၅၈၅၀၀၀ ကျပ် (၃ိ/သား)

လှူဒါန်းနိုင်သောအချိန်

၁-၁-၂၀၀၅ ရက်နေ့မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ

ဆက်သွယ်လှူဒါန်းရန်လိပ်စာ

ဂေါပကအဖွဲ့၊ ရွှေတိဂုံစေတီတော်
ဖုန်း-၂၅၁၈၅၁

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ။

အာဆီယံတိုက်ဂါးဖလား ဒုတိယအကြိမ်ဗိုလ်လုပွဲစဉ် စင်ကာပူအသင်းအနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိမ်ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီက စင်ကာပူနိုင်ငံ အမျိုးသားအားကစားကွင်း၌ စင်ကာပူအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရာ အိမ်ရှင် စင်ကာပူအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအသင်းအတွက် ပွဲချိန် ၁၄ မိနစ်တွင် စိုးမြတ်မင်းက ဦးဆောင်ဂိုး သွင်းယူပေးသည်။ မြန်မာအသင်းက ဦးဆောင်ဂိုးရရှိပြီးနောက် ဆက်လက် တိုက်စစ်ဆင်ကစားရာ စင်ကာပူ အသင်းကို အသာစီးမှ ကစားနိုင်ခဲ့ သည်။ မြန်မာအသင်းအတွက် ဒုတိယ ဂိုးကို ပွဲချိန် ၄၉မိနစ်တွင် အောင်ကျော်မိုးက ကန်သွင်းရာ စင်ကာပူ နောက်တန်းလူနှင့်ထိပြီး လမ်းကြောင်း ပြောင်းကာ ဂိုးဝင်သွား၍ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းမှ တိုက်စစ်မှူး ရန်ပိုင် တိုက်ရိုက် အနီကတ်ပြခံရ၍ အားနည်းခဲ့ရသည်။ စင်ကာပူအသင်းအတွက် ပထမဂိုးကို ပွဲချိန် ၇၄မိနစ်တွင် မြန်မာနောက်တန်းလူ ဇော်လင်းထွန်း(၂) ဖျက်ထုတ်ရင်းဂိုးဝင်သွားခဲ့သည်။ စင်ကာပူ အသင်းက ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိပြီး ကန်သွင်းရာ ဂိုးပေါက်လွဲ သွားသည်။ ပွဲချိန်မိနစ် ၉၀ပြည့်သွားချိန်တွင် မြန်မာအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိနေ၍ အချိန်ပို ဆက်ကစားခဲ့ရသည်။

အချိန်ပို မိနစ် ၃၀ ဆက်လက် ယှဉ်ပြိုင်ရာတွင် စင်ကာပူအသင်း အတွက် ဒိုအလန်ရှားက နှစ်ဂိုးနှင့် ကက်ရှ်မီးယားက တစ်ဂိုးထပ်မံ သွင်းယူသဖြင့် ပွဲအပြီးတွင် စင်ကာပူ အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင် ရရှိသွားသည်။ ပထမအကျော့ပွဲစဉ်၌ စင်ကာပူအသင်းက လေးဂိုး-သုံးဂိုး ဖြင့် အနိုင်ရရှိခဲ့ရာ နှစ်ပွဲပေါင်း ရှစ်ဂိုး- ငါးဂိုးဖြင့် စင်ကာပူအသင်းက အနိုင် ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွား သည်။ မြန်မာအသင်းမှ ဇော်လင်းထွန်း (၂)နှင့် မိုးကျော်သူတို့ ဒုတိယပိုင်း၌ တိုက်ရိုက်အနီကတ်ပြခံရသဖြင့် အချိန် ပိုတွင် ၁၁ယောက်- ရှစ်ယောက်ဖြင့် ကစားခဲ့ရပြီး ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ယနေ့ပွဲ

ဇန်နဝါရီ ၃ရက်**(ယနေ့)**ညနေပိုင်း တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့၌ ပထမအကြိမ်ဗိုလ်လုပွဲ ဒုတိယ အကျော့ပွဲစဉ်အဖြစ် မလေးရှားအသင်း နှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ယောက်ကော်စေတီတော် ထီးတော်တင်လှူပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၃)ရပ်ကွက် ယောက်ကော်ကုန်းတော်မြတ်တွင် (မိုးပုလဲနေကြာစေ့) ဦးအုန်းကြူ မိသားစုတို့၏ မတည်လှူဒါန်းမှုဖြင့် ဘက်စုံပြုပြင်တည်ဆောက်လျက်ရှိသော ယောက်ကော်စေတီတော်မြတ်ကြီးကို ဇန်နဝါရီ ၄ရက် နံနက်၉နာရီတွင် ထီးတော်တင်လှူပွဲ ကျင်းပမည်ဖြစ်ရာ ကြွရောက် ပူဇော်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံကို ဇန်နဝါရီ ၁၉ရက်မှ ၂၅ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ် လမ်း၇၀ နှင့် ၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာ ယင်းညီလာခံသို့တက်ရောက်မည့် ဆရာဝန်များသည် ဇန်နဝါရီ ၁၄ ရက်မှစ၍ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ခန်းမဆောင်၌ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အငှားရှိသည်။
300 KVA
253131,253132

မင်္ဂလာဦးဆုတောင်း

ကိုငယ်နှင့် မဝါတို့၏ (၂-၁-၂၀၀၅) မင်္ဂလာရက်မြတ်မှစ၍ သက်ဆုံးတိုင် ရာသက်ပန် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်–

ကိုကြီး- ရဲရင့်ထွန်း B.Sc(Phy) Q,MCSE, MCSD, MCDBA, Assistant Manager, Information Systems-Fidelity Investments,Tokyo,Japan.

မမိက (Mika Maejima) B.A(Eng) Dip.in Sales Rep. Class 1, Help Desk Specialist, Information Systems-Fidelity Investments, Tokyo,Japan.

ညီမလေး- စုမာထွန်း B.Econ (Q),MBA 2nd Semester, (James Cook University, Singapore)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဝင်းသိမ်း(ကျောင်းအုပ်ကြီး၊ရေကြောင်းပညာသိပ္ပံ)–ဒေါ်ခိုင်ကြည်လွင်တို့၏သား

မောင်လင်းဝင်းသိမ်း Final Year (Chemistry)

Class 3 Deck Officer (2nd Mate F.G) Certificate of Competency
(Singapore Maritime Academy)
3rd Officer (A.P.Moller Singapore Pte.,Ltd.)

နှင့်

ရန်ကုန်မြို့နေ ဦးထွန်းရွှေ–ဒေါ်စန်းစန်းရီတို့၏တစ်ဦးတည်းသောသမီး

မသူဇာထွန်း

B.Sc(Maths), Dip.in Accounting (LCCI), Financial Accountant
Chein Kaung Express Co.,Ltd.

တို့၏ ၂-၁-၂၀၀၅ရက်တွင် Sedona Hotel၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီအားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၄-၁၂-၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးချီးမြှင့်ပေးသောတရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ညီမငယ် မမြင့်မွန်ဌေးအောင်အားလည်းကောင်း၊ မင်္ဂလာသတို့သားအရန် ကိုခွန်ထက်နှင့် ကိုမြတ်ကျော်အားလည်းကောင်း၊ သတို့သမီးအရန် မအိအိမာနှင့် မခိုင်ရည်ထက်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြ၊ တေးသံသာများဖြင့် ဖျော်ဖြေ ပေးကြသော A-1စိုးမြင့်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာသတို့သမီး မိတ်ကပ်နှင့် ဝတ်စုံဖန်တီးပေးသော အလှဖန်တီးရှင် ကိုမာနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသောစိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ Chein Kaung Express Co.,Ltd.မှ MDနှင့်ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ Sedona Hotelမှဝန်ထမ်းများ အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်လင်းဝင်းသိမ်း–မသူဇာထွန်း။**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ A1 လမ်း၊အမှတ် (၁၄၈–Z ၃)နေ
ဦးတောက်ထွန်း (Managing Director, MSC Co.,Ltd.)–
ဒေါ်ချိုချို (မြန်မာ့လေကြောင်း၊ ငြိမ်း)တို့၏ သားငယ်

မောင်ကောင်းမြတ်ထွန်း

B.Com,MCSE, MCDBA
IT Engineer(Continental Teves, Tokyo, Japan)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မောရဝတီလမ်း၊ အမှတ် (၁၂၇/F⁹) နေ
ဗိုလ်မှူးစံမင်း(လေယာဉ်မှူး၊ မြန်မာ့လေကြောင်း၊ ငြိမ်း)–ဒေါ်စံသာတို့၏ သမီးငယ်

မမိုးပန်းဝါ

B.Com (Q)

တို့၏ ၂၆-၁၂-၂၀၀၄ရက် IBC (International Business Centre)၌ မင်္ဂလာမော်ကွန်းတင် ထိမ်းမြားလက်ထပ်ပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်နှင့်ဇနီး၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်နုမြဇံ(ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန)နှင့် ဦးအုံးမြင့်(ကိုယ်ရေးအရာရှိ)၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးမြင့်စိုး (MD, Yandayar Trading Co.,Ltd.) နှင့် အန်တီဒေါ်ကြည်ကြည်ဝင်း၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၂-၁-၂၀၀၅ ရက် Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်ဇနီး ဒေါ်နီလာသော်၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသောတေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး စုမာထွန်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသောသမီးလေး နှင်းစက်ဖြူနှင့် ပန်းနုဖြူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ကိုင်ဆောင်ပေးသော မလှိုင်မိုးယု၊ မင်္ဂလာ သတို့သားအရန်နှင့် သတို့သမီးအရန်များအဖြစ် ဆောင်ရွက်ပေးကြသော ကိုဇော်မင်းသန့်နှင့် မအေးနှင်းဝဏ်၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးသော မဖြူဖြူခင်(မြနီလာ၊ ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်းနှင့် အနုပညာရှင်များ၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော မမဋ္ဌူ၊ ဆံပင်နှင့် မိတ်ကပ်အလှပြုပြင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော လင်းလင်းနှင့် အဖွဲ့၊ ဗီဒီယိုကျော့မောင်မောင်ညွှန့်နှင့်အဖွဲ့၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ကူးပေးကြသော ဦးဌေးဝင်း(ဘဏ်)နှင့်အဖွဲ့၊ ဤမင်္ဂလာအခမ်းအနားဖြစ်မြောက်အောင် အစစအရာရာကူညီဆောင်ရွက်ပေးကြသော သူငယ်ချင်းများ၊ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကောင်းမြတ်ထွန်း–မမိုးပန်းဝါ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

B.Sc (Maths)
B.Sc (Phy:)
Group Diploma in Accounting (LCCI, UK)
Diploma in Hardware Engineering

☎ 01- 378649

14', Dyna (or) Canter
253131,253132



စက်ယန္တရားများထိန်းသိမ်းကာကွယ်ရေးနှင့် ကြံ့ခိုင်ရေးသင်တန်းဆင်း ဒုတိယဝန်ကြီး ဦးအုန်းမြင့် တက်ရောက် သင်တန်းဆင်းအမှာစကားပြောကြား

မန္တလေး ဒီဇင်ဘာ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ဆည်မြောင်းဦးစီးဌာန စက်မှုတိုင်း(၄) မန္တလေးအဆင့်မြင့် အလုပ်ရုံသင်တန်းခန်းမတွင် °Hitachiကုမ္ပဏီမှ စက်ယန္တရားများ ထိန်းသိမ်းကာကွယ်ရေးနှင့် ကြံ့ခိုင်ရေးသင်တန်းသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။ (ဝဲပုံ)

ရှေးဦးစွာဒုတိယဝန်ကြီးဦးအုန်းမြင့်က သြဝါဒစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးစိုင်းယီခမ်းက စက်ယန္တရားများကိုင်တွယ် ထိန်းသိမ်းရေး၊ ကြံ့ခိုင်ရေး သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းနည်းပြခေါင်းဆောင်ဦးမင်းဒင်နှင့် နည်းပြများကို ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် မိုးရာသီတွင် အဆင့်မြင့်အလုပ်ရုံတွင် ပြုပြင်လျက်ရှိသော စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးပြီး စက်ယန္တရားများ အချိန်မီ ပြီးစီးရေး၊ ကြံ့ခိုင်ရေးနှင့် လုပ်ငန်းခွင်လျင်မြန်စွာ ရောက်ရှိရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(၁၆၂)

ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်နေမှု စည်ပင်သာယာညွှန်ချုပ်စစ်ဆေး၊ စံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်ရေးမှာကြား

ပဲခူး ဒီဇင်ဘာ ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၇ နှင့် ၂၈ ရက်များက ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များ၏ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်နေမှုများကို အပိုင်းလိုက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ်၊ ဝိုင်းကျေးရွာရှိ လုပ်ငန်းခွင်သို့ ရောက်ရှိရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာမှူးတို့က မြေသားလုပ်ငန်းဆောင်ရွက်မှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီစွာဖြင့် စနစ်တကျဆောင်ရွက်ရေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် မြေသားလမ်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပေါင်းတည်မြို့နယ် ကြာနီကန် ရွာအနီး ကျေးရွာချင်းဆက်လမ်း မြေသားလမ်း ဖောက်လုပ်နေမှု**(ယာပုံ)**ကို စစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာများ၏ ရှင်းလင်းတင်ပြမှုအပေါ် ညွှန်ကြားရေးမှူးချုပ်က မြေသားလမ်းကို အရည်အသွေးပြည့်မီကောင်းမွန်အောင် ဆောင်ရွက်ရေး၊ လူအား၊ စက်ယန္တရားများပြည့်မီစွာသုံးစွဲရေးနှင့် လုပ်ငန်း အလေအလွင့်နည်းပါးရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ပေါက်ခေါင်းမြို့နယ် ကုတင်ငါးဆင့်ကျေးရွာ၊ ကျောက်မဲမြောင်ကျေးရွာ၊ ကျွန်းတောကြီးကျေးရွာများသို့ ရောက်ရှိပြီး ကျေးရွာအလိုက် ကျေးလက်မြေသားလမ်း ကျောက်ချောလမ်းဆောင် ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး ကျောက်အရည်အသွေး၊ အရွယ်အစားအလိုက် စနစ်တကျအသုံးပြုရေး၊ ကျောက်ဆိုက်မှန်မှန်ကန်ကန်နှင့် အပြည့်အဝ အသုံးပြုရေး မှာကြားသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်း ၅ မိုင် ၆ ဖာလုံ၊ ကျေးလက်လမ်း ၈၆ မိုင် ၃ ဖာလုံ ကျေးလက်နှင့်မြို့ပြတံတား ၂၉ စင်းဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မကွေးတိုင်း ရေနံချောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ခင်နှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၉ ရက်က ပင်းဝအုပ်စု ဘုရားကုန်းကျေးရွာတွင် ကြက်ကောင်ရေ ၁၂၀၀ အား တတိယအကြိမ် အိုင်တူးအပူဒဏ်ခံ ကြက်လည်လိမ် မျက်စဉ်းခတ် ကာကွယ်မှုများ ဆောင်ရွက်ပေးစဉ်။ (၃၈၃)

နိုဝင်ဘာ ၁၅ ရက်က မန်စီမြို့တွင် အမှုဆောင်အရာရှိ ဦးမိုးလွင်သည် မြို့သာယာလှပရေးအတွက် ဗန်းမော်-နမ့်ခမ်းလမ်းမကြီး ဘေးဝဲယာရှိ ခြံကာတန်းအတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးမှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

သပိတ်ကျင်းတွင် မျိုးသန့်စပါး စံကွက်ရိတ်သိမ်း တစ်ဧက စပါးတင်း ၁၀၀ ကျော် ထွက်ရှိ

သပိတ်ကျင်း ဒီဇင်ဘာ ၁၀

သပိတ်ကျင်းမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ မျိုးသန့်စပါးစံကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကြာညှပ်ကျေးရွာအုပ်စု မျိုးသန့်စံပြရွှေစကာကျေးရွာ ရွာမကွင်းတွင် ကျင်းပသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးမောင်မောင်၊ မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများ တက်ရောက်လေ့လာကြသည်။

စံကွက်ရိတ်သိမ်း

ထို့နောက်ကွင်းအမှတ် ၃၂၊ ဦးပိုင်အမှတ်(၂၅) တောင်သူကြီးဦးကြီးလှိုင်၏ မနော်သုခမျိုးသန့်အဆင့် (၂) စိုက်ပျိုးထားသည့် မြေတွင် စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၀၂ဒသမ ၄၂တင်းထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သရက်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့် စာအုပ်များ ပေးအပ်လှူဒါန်း

သရက် ဒီဇင်ဘာ ၃၀

သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခရိုင်တွင်းရှိ ကျေးရွာများတွင် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ တိုးချဲ့ ဖွင့်လှစ်ပေးလျက်ရှိရာ သရက်မြို့နယ် တွင် နိုဝင်ဘာလအတွင်းက စာကြည့် တိုက်ပေါင်း ၂၅ ခု ဖွင့်လှစ်ခဲ့ပြီး နိုဝင်ဘာ ၂၀ ရက်က ညောင်ဇစ်ကျေးရွာ ရွှေညောင်ဖွံ့ဖြိုး စာကြည့်တိုက် ဖွင့်ပွဲတွင် သရက်မြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းဌေးက ကျေးရွာဥက္ကဋ္ဌ ဦးအုန်းငွေထံ စာအုပ်များပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဖွင့်လှစ်

သရက်ခရိုင် ခြောက်မြို့နယ်တွင် နိုဝင်ဘာလအတွင်း၌ ကိုယ့်အား ကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၁၇၅ တိုက် ဖွင့်လှစ်နိုင်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်များလှူဒါန်း

ကျိုက်လတ်မြို့နယ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကို ဒီဇင်ဘာ၅ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ကိုယ်စား အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်က ကျေးလက်ပြည်သူများအတွက် စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၁၀ ရက်က မော်ဘီမြို့နယ် မြောင်းတကာ ကျေးရွာအုပ်စုတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအားနိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာလူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးအုန်းလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။(က-ပ)

ပင်လုံမြို့၌ ရွှေရင်အေးစပါး ယှဉ်ပြိုင်ကွက်ရိတ်သိမ်း တစ်ဧကတင်း၁၄၀ကျော် ထွက်ရှိ

ပင်လုံ ဒီဇင်ဘာ ၂၅

ပင်လုံမြို့တွင် ၂၀၀၄-၂၀၀၅ခုနှစ် ရွှေရင်အေး မိုးစပါး တစ်ဧကယှဉ်ပြိုင်ကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက်က ပင်လုံတက္ကသိုလ်ရှေ့ ကွင်းအမှတ်(၄၄)တောင်သူ ဦးကန္တ၏လယ်မြေတွင်ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး ကျော်စွာသိန်းက အမှာစကားပြောကြားပြီး ပင်လုံမြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ်တာဝန်ခံက ရွှေရင်အေးစပါး တစ်ဧကယှဉ်ပြိုင်ကွက် ရိတ်သိမ်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေရင်အေးစပါးတစ်ဧက ရိတ်သိမ်းခြွေ လှေ့ခြင်းတွယ်မှုကို ကြည့်ရှုအားပေးသည်။

ပင်လုံမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် ရွှေရင်အေး မိုးစပါးတစ်ဧက ယှဉ်ပြိုင်ကွက် အထွက်နှုန်းမှာ ၁၄၃ ဒသမ၇ ၅ တင်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကော့ကရိတ်မြို့တွင် ပညာပေးဟောပြောပွဲကျင်းပ

ကော့ကရိတ် ဒီဇင်ဘာ ၂၆

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၂ ရက်က ကျောင်းခန်းမတွင် ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဦးဘသန်း **(အပေါ်ပုံ)**၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ထွန်းနှင့် ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအေးစောတို့က ပညာပေး ဟောပြောကြသည်။

အလားတူ ဟောပြောပွဲကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။

(ဝ၂၄)

ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်း

တီးတိန် ဒီဇင်ဘာ ၂၅

ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက တီးတိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သော သင်တန်းသား သင်တန်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖျာပုံမြို့ ပထမလမ်းဘေးဝဲယာတစ်လျှောက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းအတွင်း အမှိုက်သရိုက်နှင့်နုန်းများ ဆယ်တင်ခြင်း၊ မြောင်းပိတ်ဆို့မှုများ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဒီဇင်ဘာ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(၁၅၈)

ကျော်ဟိန်းနှင့်ဒွေးတို့၏ 'မာန်ရဲ့ဒဏ်' ဗီဒီယိုဇာတ်ကားပြသ

ယခုအပတ် မြန်မာဗီဒီယို ၁၁ ကား ဖြန့်ချိခွင့်ရ

ရန်ကုန် ဇန်နဝါရီ ၂

ယခု တနင်္လာနေ့မှစ၍ မြန်မာဗီဒီယို ဇာတ်ကား၁၁ကားဖြန့်ချိပြသခွင့်ရရှိရာ ဒါရိုက်တာဒွေး ရိုက်ကူး၍ ကျော်ဟိန်း၊ နေအောင်၊ကျော်သူ၊ ဒွေးနှင့် မေကဗျာ တို့ပါဝင်သရုပ်ဆောင်ကြသည့်အဆင့်မြင့် ဒီဗွီဒီ ဇာတ်ကား ဖြစ်သော **မာန်ရဲ့ဒဏ်**ကို ဗီဒီယိုဇာတ်ကားအဖြစ် အောင်ပြည့်စုံဗီဒီယိုမှဖြန့်ချိမည် ဖြစ်သည်။

မာန်ရဲ့ဒဏ်ဇာတ်ကား ပထမပိုင်းနှင့် ဇာတ်သိမ်းပိုင်းခွဲ၍ ဖြန့်ချိမည် ဖြစ်သည်။

ဆက်လက်၍ လပ်ကီးပလေ့ ဗီဒီယိုမှ ဒါရိုက်တာ ဝင်းထွန်း ရိုက်ကူး၍ မင်းမော်ကွန်း၊ ပိုင်ဇေရဲထွန်း၊ နန္ဒာလှိုင် နှင့် ကြည်လဲ့လဲ့ဦး တို့ ပါဝင်သော **ညို့ချက် ပြင်းတယ်** ဇာတ်ကား။ ဟေမာန်ဦး ဗီဒီယိုမှ ဒါရိုက်တာဟိန်းစိုးရိုက်ကူး၍ လူမင်း၊ အိန္ဒြာကျော်ဇင်တို့ပါဝင်သော **ပြေပြေလည်လည်** ဇာတ်ကား။ မျက်ခြယ် ဗီဒီယိုမှ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူး၍ ခန့်စည်သူ၊ မင်းခေတ်နှင့် စိုးမြတ်နန္ဒာတို့ပါဝင်သော**ကျေးဇူးပြု၍ မမုန်းပါနဲ့** ဇာတ်ကား။ ရွှေကံ့ကော်ဗီဒီယိုမှဒါရိုက်တာသက်ပိုင်စိုးရိုက်ကူး၍ ကင်းကောင်၊ကျော်ထူးနှင့် မိုးဟေမာန်ခင်တို့ပါဝင်သော **ပွဲခရရင် ချစ်မယ်ဆို** ဇာတ်ကား။ သုခမိန်ဗီဒီယိုမှ ဒါရိုက်တာ မောင်သီရိုက်ကူး၍ နွဲ့နွဲ့စန်း၊ ကျော်ရဲအောင်၊ လွင်မိုးနှင့်မင်းမော်ကွန်းတို့ ပါဝင်သော **ကတ္တီပါရင်ခွင် အငြိမ့်** ဇာတ်ကား ဗီဒီယို။ ဒါရိုက်တာဒေင် ရိုက်ကူး၍ ကျော်ဇောဟိန်း၊ မိုးသောက်နှင့်စပယ်မိုးတို့ ပါဝင်သော **စိန်မခေါ်နဲ့ သူငယ်ချင်း** ဇာတ်ကား။ ကြောင်ကမ္ဘာ ဗီဒီယိုမှ ဒါရိုက်တာ စန္ဒာအောင်သိန်း

မောင်ဆွေထွန်း

ရိုက်ကူး၍ နေမျိုးအောင်၊ အောင်ပိုင်၊ ကျော်ဇောဟိန်းနှင့် မေသန်းနုတို့ ပါဝင်သော**ဒသရဲ့ဒသာန**ဇာတ်ကား။ ကျော်ဗီဒီယိုမှ ဒါရိုက်တာ စိုင်းဇော်ဇော် ရိုက်ကူး၍ လက်ဖွေ့ကျော်များပါဝင်သော **ကြိုးပေါ်က ရွှေလက်သီး** ဇာတ်ကား။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူး၍ နေထက်လင်း၊ မိုးဒီ၊မင်းအုပ်စိုးနှင့်မျိုးစန္ဒီကျော်တို့ပါဝင်သော **အလွမ်းတချို့ ပန်းတို့ ဖြစ်စေ**ဇာတ်ကား။မင်းသူအောင်ဗီဒီယိုမှ ဒါရိုက်တာ တင်ဝင်းလှိုင် ရိုက်ကူး၍ နေလင်းဦးနှင့် မေသကြဲန်တို့ ပါဝင်သော **မိုက်ခဲရဲဒင်** ဇာတ်ကားတို့ ဖြန့်ချိပြသမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

လပ်ကီးပလေ့ဗီဒီယိုမှ 'ညို့ချက်ပြင်းတယ်' ဇာတ်ကားတွင် ပိုင်ဇေရဲထွန်း၊ နန္ဒာလှိုင်တို့၏ အမူအရာ။

ရုံတင်ပြသမည့် 'ဖယောင်းတိုင်' အဆင့်မြင့်ဗီဒီယိုဇာတ်ကားမှမင်းမော်ကွန်း၊ ချစ်စနိုးဦးတို့ သရုပ်ဆောင်ဟန်။

အောင်ပြည့်စုံဗီဒီယိုမှ 'မာန်ရဲ့ဒဏ်' ဇာတ်ကားတွင် နေအောင်၊ ဒွေး၊မေကဗျာတို့၏ဇာတ်ဝင်ခန်း။

ဖယောင်းတိုင် ဇာတ်ကား ရုံတင်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂

ဝတ္ထု မြတ်တင်အောင်၊ ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်ကူး၍ နေအောင်၊ မင်းမော်ကွန်း၊ မို့မို့မြင့်အောင်နှင့် ချစ်စနိုးဦးတို့ ပါဝင်သော ဖယောင်းတိုင် အဆင့်မြင့် ဗီဒီယိုဇာတ်ကား ဇန်နဝါရီ၇ရက် (သောကြာနေ့)တွင် နဝဒေး၊ ရွှေမန်း၊ စံပြ၊ သီတာနှင့် မြရတနာရုံများ၌ တင်ဆက် ပြသမည် ဖြစ်သည်။

(မြန်မာ့အလင်း)

'ဒသရဲ့ဒသာန' ဇာတ်ကားမှ နေမျိုးအောင်၏ သရုပ်ဆောင်ဟန်။



မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီးမြို့ရှိ အစိုးရနည်းပညာကောလိပ် (အေးသာယာ) တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရော်ဘာသည် ဈေးကောင်းရရှိပြီး ကမ္ဘာတွင်ဝယ်လိုအားကောင်းသောသီးနှံဖြစ် မြေလွတ်မြေရိုင်းများဖော်ထုတ်၍ ဒေသနှင့်နိုင်ငံတော်အကျိုးဖြစ်ထွန်းအောင်စိုက်ပျိုး အင်းလေးကန်၏သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ရေးအထောက်အကူပြု

ရန်ကုန် ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ညောင်ရွှေမြို့နယ်နှင့် တောင်ကြီးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

စာမျက်နှာ ၆ ကော်လံ ၁ ■

မြန်မာ့အလင်း (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

❒ မြန်မာ့စိတ်ဓာတ် — မြင်းမူမောင်နိုင်မိုး၏ကဗျာ (စာ-၃)

❒ မုန်းချောင်းရေလှောင်တမံကြီးလို တိုင်းကျိုးပြည်ပြု ဘက်စုံစီမံကိန်းတွေအများကြီးပဲဟေ့ — ပြည်ထွန်း၏ကာတွန်း (စာ-၃)

❒ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသည့် သိပ္ပံနှင့်နည်းပညာကဏ္ဍ — ဓာတ်ပုံမှတ်တမ်း (စာ-၇)

❒ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးရဲ့ အခြေခံဖြစ်တယ်၊ တစ်မျိုးသားလုံးရဲ့ ဘဝအတွေ့အကြုံအရ မိမိနိုင်ငံ ဖွံ့ဖြိုးရေးမှာ ပြည်သူတို့ရဲ့အင်အားဟာ ပဓာန အကျဆုံးဖြစ်တယ်။ — မြင့်ဝေလှိုင်၏ဆောင်းပါး (စာ-၈၊၉)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော် အလံအလေးပြုပွဲကျင်းပပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှ ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်မှစတင်၍ အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အကျဉ်းသား ၅၅၈၈ ဦးကို လွှတ်ပေးခြင်း

ရန်ကုန် ဇန်နဝါရီ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ ထိုသို့ တည်ဆောက်နေခြင်းမှာ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံသစ် ပေါ်ပေါက်ရေးအတွက်ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားအားလုံးနှင့် လက်တွဲညီညီ ချီတက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များချမှတ်ခဲ့ရသည်။

ထိုသို့ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသော အကျဉ်းသားများအား အကျဉ်းကျခံစိတ်မျိုး မခံစားရစေဘဲ စာရိတ္တပြုပြင်ရေးစခန်းများတွင် နေထိုင်၍ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ် ပြောင်းလဲပေးသောလုပ်ငန်းများကို အကျဉ်းဦးစီးဌာနကဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသား ၅၅၈၈ ဦးအား ငဲ့ညှာသောအားဖြင့်လည်းကောင်း၊ ယင်းတို့၏မိသားစုများအား ငဲ့ညှာသောအားဖြင့်လည်းကောင်း၊ ၎င်းတို့သည် နိုင်ငံတော်၏ မေတ္တာ၊စေတနာကိုခံစားနားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံအကျိုးကို ဆက်လက်သယ်ပိုးရွက်ဆောင်သွားကြလိမ့်မည်ဟု မျှော်လင့်သဖြင့်လည်းကောင်း သက္ကရာဇ် ၁၃၆၆ ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက် (၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက်)တွင် သက်ဆိုင်ရာ အကျဉ်းစခန်းအသီးသီးမှ လွှတ်ပေးလိုက်သည်။

ထိုသို့ အကျဉ်းသား ၅၅၈၈ ဦး လွှတ်ပေးခြင်းမှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားစည်းလုံးညီညွတ်ရေး ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်

ရန်ကုန် ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက် အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့တော် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻